ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့၊ (10-7-2003)(၃၈၂၇)

ခန္တီ စ
တော မင်္ဂလ မုတ္တမံ။

သည်းခံခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးမြို့ မြို့တော်ခန်းမ၌ မန္တလေးတိုင်း ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံ၍ ဒုတိယမြို့တော် မန္တလေးမြို့ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ထုတ်
စောင်ရေ
၂၂၄၀၆၆

နိုင်ငံတော်၏ ဦးဆောင်စီမံခန့်ခွဲမှုဖြင့် မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေး စနစ်တကျ ဆောင်ရွက်လျက်ရှိ မြို့တော်အင်္ဂါရပ်များနှင့်အညီ တိုးတက်ဖြစ်ထွန်းလာသည့် ရလဒ်ကောင်းများ လက်ညှိုးထိုးမလွဲ ပေါ်ထွန်းလာ ရပ်ရွာဒေသ သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပြည်သူများ ပါဝင်လာရန် စည်းရုံး အိမ်ရာစီမံကိန်းများကို ပြည်သူများ၏ လူနေမှုအဆင့်မြင့်မားရေး ဆိုသည့်စိတ်ကောင်းစေတနာဖြင့် ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင် ၇ရက် မွန်းလွဲ ၁၂နာရီခွဲတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ မန္တလေးတိုင်း ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံ၍ ဒုတိယမြို့တော် မန္တလေးမြို့ စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

တက်ရောက်

တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မန္တလေး မြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် စက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည့် မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးနှင့်ပတ်သက်ပြီး အဓိကတာဝန်ယူဆောင်ရွက်နေကြသည့် တာဝန်ရှိပုဂ္ဂိုလ်များ ဆောင်ရွက်ဖွယ်ရာများကို ယနေ့တွေ့ဆုံမှာကြားခြင်းဖြစ်ကြောင်း၊ မန္တလေးမြို့တော်သည် အထက်မြန်မာနိုင်ငံ၌ အချက်အချာကျသည့်နေရာ၌ တည်ရှိပြီး မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည့်အပြင် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

မန္တလေးမြို့ တိုင်းရင်းဆေးရုံကြီးကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၀-၇-၂၀၀၃
(ကြာသပတေးနေ့)

အဓိကသီးနှံများ တိုးချဲ့စိုက်ပျိုးရေး တောင်သူများအား စည်းရုံးပညာပေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရေ၊ မြေသဘာဝ သယံဇာတပေါများကြွယ်ဝပြီး ရာသီဥတုညီညွတ်မျှတသဖြင့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ထွန်းသော အခြေခံကောင်းများဖြင့် ပြည့်စုံလျက်ရှိနေသည်။

စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် အခြေခံအကျဆုံး စီးပွားရေးလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသား အများစု မှီတင်းနေထိုင်ရာ ကျေးလက်ဒေသများ၏ ပင်မအသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က လူအများစုကြီးနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင်အထည်ဖော်ပေးလျက်ရှိသည်။

ထို့အတူ တစ်ချိန်က ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည့် နယ်စပ်ဒေသနယ်မြေများတွင်လည်း ဖွံ့ဖြိုးရေးစီမံချက်များ ချမှတ်ကာ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတို့အတွက် ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် ဒေသခံ တောင်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်လာစေရန် လိုအပ်သည့်သီးနှံမျိုးနှင့် စိုက်ပျိုးရေးနည်းပညာများကို ဖြည့်ဆည်းကူညီပံ့ပိုးလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် တာဝန်ရှိသူများနှင့်အတူ ဇွန်လ ၂၈ ရက်နှင့် ၂၉ ရက်နေ့များက ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိစဉ် ပြည်နယ်အဆင့်ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး တာဝန်ရှိသူများအား ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းများကို အားသွန် စိုက်ပျိုးရေး၊ အဓိကသီးနှံကြီး ၁၀ မျိုးဖြစ်သည့် စပါး၊ မြေပဲ၊ နှမ်း၊ ဆီနေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံနှင့် ပြောင်းသီးနှံများအနက် ဒေသနှင့်ကိုက်ညီဖြစ်ထွန်းမည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးရေးကိစ္စများမှာကြားခဲ့သည်။

လွိုင်ကော်မြို့နယ် တောင်သုံးလုံးဒေသတွင် မြေယာဖော်ထုတ်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၃-၂၀၀၄ ခုနှစ် မိုးရာသီစိုက်ပျိုးသီးနှံများကို စိုက်ပျိုးလျက်ရှိသည်။ ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်း၊ သစ်ဆိမ့်၊ ရော်ဘာ၊ ဆီအုန်းတို့ကို တိုးချဲ့စိုက်ပျိုးကြရန်လိုသည်။ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များက တောင်သူလယ်သမားများအား မျိုးကောင်းမျိုးသန့်များ သုံးစွဲရေး၊ လိုအပ်သည့် ဓာတ်မြေဩဇာနှင့် ဒေသထွက်ဓာတ်မြေဩဇာ ပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက် ရေတော်မိုးတော် စိုက်ဧကတိုးတက်ရေးတို့အတွက် စိုက်ပျိုးရေးပညာပေးစည်းရုံးမှုများ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် အဖွဲ့ဝင်များနှင့်အတူ ဇူလိုင်လ ၁ ရက်နေ့က ဟဲဟိုးဒေသအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး ဌာနဆိုင်ရာများက နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီပေးပြီး တောင်သူများက လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရေးကိစ္စများ မှာကြားခဲ့သည်။

ဟဲဟိုးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏မျိုးပွားခြံတွင် ဧရိယာ ၁၇၅ ဧကအတွင်း မျိုးကောင်းမျိုးသန့် သီးနှံများ စိုက်ပျိုးပြီး မျိုးပွားဖြန့်ဝေပေးလျက်ရှိသည်။ စိုက်ပျိုးရေးခြံအတွင်း ပဲပုပ်၊ စပျစ်၊ လိမ္မော်သီးနှံများကိုလည်း စိုက်ပျိုးပေးလျက်ရှိသည်။

တပ်နယ်လက်ပံပင်စိုက်ကွင်းတွင် ပြောင်း၊ ပဲစင်းငုံ(သီးညှပ်)ဧက ၁၆၀၊ ယခင်နှစ် ပဲစင်းငုံလမိုင်းဧက ၉၀၊ ပြောင်း နှင့် စပါးဧက ၂၀၀ စိုက်ပျိုးထားပြီး ဆောင်းသီးနှံ ပန်းနှမ်းစိုက်ပျိုးရန်လျာထားဧက ၅၀ တွင် စိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ကျေးလက်ဒေသနေ ပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီမံချက်များ ချမှတ်ကာ ပံ့ပိုးပေးလျက်ရှိရာ ဒေသခံ တိုင်းရင်းသားတောင်သူများက အဓိကသီးနှံများ တိုးချဲ့စိုက်ပျိုးရေး ကြိုးပမ်းကြရန်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများကလည်း တောင်သူလယ်သမားများ ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးအသုံးပြုနိုင်ရေး စည်းရုံးပညာပေးကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အီရတ်ရေနံဓာတ်ငွေ့ပိုက်လိုင်းနှင့် လျှပ်စစ်မဟာဓာတ်အားလိုင်းများ ဖျက်ဆီးမှုများပြားလာနေ၍ အဖျက်သမားများအား ရဲလက်အပ်နှံရန်နှိုးဆော်

ဝါရှင်တန် ဇူလိုင် ၉

အီရတ်နိုင်ငံ၏ ရေနံဓာတ်ငွေ့ပိုက်လိုင်းနှင့် လျှပ်စစ်မဟာဓာတ်အားလိုင်းစနစ်ဖျက်ဆီးမှုသည် ယခုအခါတိုးတက်များပြားလာနေကြောင်းဖြင့် အမေရိကန်ဦးဆောင်သည့် ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက တနင်္လာနေ့တွင် ပြောကြားလိုက်ပြီး အီရတ်နိုင်ငံသားများအနေဖြင့် ၎င်းအဖျက်သမားများအား ရဲလက်အပ်နှံကြရန်လည်း နှိုးဆော်ထားသည်။

သာမန်အီရတ်နိုင်ငံသူ အိမ်ရှင်မနှင့် အလုပ်သမားများက အဖျက်သမားများထံ သွားရောက်ပြီး ၎င်းတို့ကို တိုက်ခိုက်ရန် မိမိ မျှော်လင့်ထားခြင်း မရှိကြောင်း အင်ဒရူးဘဲယားပတ်က ဘဂ္ဂဒက်မြို့မှ အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်ရှိ သတင်းထောက်များအား တယ်လီဖုန်းဖြင့် ဆက်သွယ်ရှင်းလင်းပြောကြားသည်။

ယင်းသို့ ဖျက်ဆီးမှုဖြစ်ရပ်များ မြင့်တက်လာနေသော်လည်း အီရတ်ပြည်သူအများစုက ယင်းသို့ ပြုလုပ်ခြင်းကို ဆန့်ကျင်ကြသည်ဟု မိမိထင်မြင်ထားကြောင်း ဘဲယားပတ်က ပြောကြားသည်။ ၎င်းသည် ဗြိတိသျှနိုင်ငံသားတစ်ဦးဖြစ်ပြီး အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာဦးဆောင်သည့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးနှင့် တည်ငြိမ်ရေး ကြိုးပမ်းမှုဆိုင်ရာ ဒေသလုပ်ငန်းများ၏ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်နေသူတစ်ဦးဖြစ်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်း ဖျက်ဆီးမှုများ တိုးမြင့်လာသည်ကို တွေ့ရသော်လည်း လွန်ခဲ့သည့် ရက်ပိုင်းအတွင်း တိုးတက်လာမှု မရှိကြောင်းကို မိမိတွေ့မြင်ရကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားသည်။

အမေရိကန်နှင့် ၎င်းဦးဆောင်သည့် တပ်သားများအနေဖြင့် အီရတ် ရဲတပ်သားများ ပြည့်ပြည့်ဝဝမရှိမှုနှင့် ကူညီမည့် ဒေသခံ လုံခြုံရေးတပ်သားအားနည်းမှုတို့ဖြင့် အီရတ်နိုင်ငံ၏ အခြေခံအဆောက်အအုံတစ်ခုလုံးအား စောင့်ကြပ်ကြည့်ရှုရမည်မှာ မဖြစ်နိုင်ကြောင်း ဘဲယားပတ်က ထပ်လောင်းပြောကြားသည်။

မိမိတို့အနေဖြင့် ယင်းသို့ ဖျက်ဆီးနေမှုကို ပြင်းထန်သည့် အရေးယူမှုများ ပြုလုပ်မည်ဟု မျှော်လင့်ထားကြောင်း၊ မိမိတွေးသမျှ ဖြစ်လာတော့မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အကောင်းမြင်ဖြင့် မနေနိုင်တော့ကြောင်း၊ ယင်းသို့ ဖျက်ဆီးလုပ်ကိုင်နေမှုသည် အမှန်အားဖြင့် အီရတ် ပြည်သူလူထုကိုသာ ရည်စူးလုပ်ဆောင်နေကြောင်း၊ မိမိတို့အား ရည်ရွယ်ခြင်းမဟုတ်ကြောင်းကို သာမန် အီရတ်နိုင်ငံသားများက သိမြင်နေကြပြီဖြစ်ကြောင်း ဘဲယားပတ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆူဒန်၌ လေယာဉ်ပျက်ကျ လူ ၁၁၆ ဦးသေဆုံး

နိုင်ရိုဘီ ဇူလိုင် ၉

ဆူဒန်နိုင်ငံပိုင် လေယာဉ်တစ်စင်းသည် အင်္ဂါနေ့စောစောပိုင်းက ပို့ဆူဒန်လေဆိပ်မှ ပျံတက်ပြီး မကြာမီအတွင်း ပျက်ကျခဲ့ရသဖြင့် ခရီးသည်၁၀၅ဦးနှင့် လေယာဉ် အမှုထမ်း ၁၁ဦး သေဆုံးခဲ့ကြောင်း ဆူဒန်သတင်းဌာနကဖော်ပြသည်။

ယင်းသို့ပျက်ကျရာတွင် ကလေးငယ်တစ်ဦးသာ အသက်မသေဘဲ ကျန်ရစ်ခဲ့သည်ဟု အဆိုပါသတင်းဌာနက ဖော်ပြသည်။

အဆိုပါဘိုးအင်း ၇၃၇လေယာဉ်မှာ ဆူဒန်နိုင်ငံ မြို့တော်ခါတွန်သို့ ပြည်တွင်းခရီးစဉ်အဖြစ် ပျံသန်းနေစဉ် ယင်းကဲ့သို့ လေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်သည်။

ပင်လယ်နီအတွင်းရှိ ပို့ဆူဒန် ဆိပ်ကမ်းအနီးတွင် အဆိုပါလေယာဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ သေကံမရောက်သက်မပျောက်ခဲ့သည့် ကလေးငယ်မှာ ဆေးရုံတွင် ရောက်ရှိနေပြီး အခြေအနေကောင်းမွန်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဆလားအလီအာမက်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဇူလိုင် ၈ ရက်က လမ်းမပေါ်တွင် စောင့်ကြပ်နေသည့် အမေရိကန် မရိန်းတပ်သားများ ကြားမှနေ၍ သမီးငယ်ဖြစ်သူကို ပွေ့ချီကာ ဖြတ်လျှောက်သွားသည့် အီရတ်အမျိုးသား တစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယူရေနီယံ အီရတ်ဝယ်ယူရန် ကြိုးပမ်းခဲ့သည်ဆိုမှု သမ္မတဘုရှ်၏ ပြောဆိုချက် မှားယွင်းဟုဝန်ခံပြောဆို

ဝါရှင်တန် ဇူလိုင် ၉

အီရတ်နိုင်ငံသည် အာဖရိကတိုက်မှ ယူရေနီယံဝယ်ယူနိုင်ရန် ကြိုးပမ်းခဲ့သည်ဆိုသော သမ္မတ ဂျော့ဂ်ျဒဗလျူဘုရှ်၏ ပြောဆိုချက်သည် မှားယွင်းကြောင်း အမေရိကန်အစိုးရအဖွဲ့က ပထမဆုံးအကြိမ် ဝန်ခံလိုက်သည်ဟု ဝါရှင်တန်ပို့စ် သတင်းစာက အင်္ဂါနေ့တွင် ရေးသားဖော်ပြသည်။

အီရတ်နိုင်ငံသည် အာဖရိကတိုက်မှ ယူရေနီယံကို ဝယ်ယူရရှိနိုင်ရန် ကြိုးပမ်းခဲ့သည်ဟု သမ္မတဘုရှ်က ပြီးခဲ့သည့် ဇန်နဝါရီလက နိုင်ငံတော် အခြေပြမိန့်ခွန်း ပြောဆိုရာတွင် စွပ်စွဲပြောကြားခဲ့ကြောင်း အစိုးရအဖွဲ့မှ အထက်တန်းတာဝန်ရှိသူတစ်ဦးက အိမ်ဖြူတော်၏ ခွင့်ပြုချက်အရ ထုတ်ပြန်သော ကြေညာချက် တစ်ရပ်တွင် ဖော်ပြထားသည်။

ဗြိတိသျှပါလီမန် ကော်မရှင်တစ်ရပ်သည် အီရတ်နိုင်ငံဆိုင်ရာ အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရက ထုတ်ပြန်ခဲ့သော မှတ်တမ်းများပါ အချက်အလက်များ မှန်ကန်မှု အခြေအနေကို သုံးသပ်ဖော်ပြထားသော အစီရင်ခံစာသစ်တစ်ရပ်ကို ထုတ်ပြန်လိုက်ချိန်တွင် အမေရိကန်အစိုးရအဖွဲ့ တာဝန်ရှိသူက ယင်းကဲ့သို့ ဝန်ခံပြောဆိုလိုက်ခြင်းဖြစ်သည်။

ဇန်နဝါရီ ၂၈ ရက် သမ္မတဘုရှ်၏ မိန့်ခွန်းတွင် သမ္မတဘုရှ်က ရည်ညွှန်းကိုးကားခဲ့သော ဗြိတိသျှထောက်လှမ်းရေးဌာန၏ အစီရင်ခံစာဖော်ပြချက်များ ခိုင်လုံစိတ်ချရမှုအခြေအနေကို ဗြိတိသျှပါလီမန် နိုင်ငံခြားရေး ကော်မတီက သုံးသပ်ခဲ့သည်။

အီရတ်နိုင်ငံသည် အာဖရိကတိုက်မှ ယူရေနီယံဝယ်ယူရရှိနိုင်ရန် ကြိုးပမ်းခဲ့သည်ဟု ပြောဆိုခဲ့ခြင်းမှာ မှားယွင်းသည်ဟု အစိုးရအဖွဲ့ တာဝန်ရှိသူက ဝန်ခံလိုက်သော်လည်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူကမူ ချက်ချင်း ဝေဖန်ပြောဆိုမှုမရှိပေ။

အမေရိကန် သံအမတ်ကြီးဟောင်း ဂျိုးဆက်ဝီလ်ဆင်က ပြောကြားခဲ့ရာတွင်မူ ၎င်းသည် ယူရေနီယံဝယ်ယူသည့်ကိစ္စကို စုံစမ်းလေ့လာနိုင်ရန် ၂၀၀၂ ခုနှစ်တွင်းက အာဖရိကတိုက်သို့ သွားရောက်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃၊ ကော်လံ ၁ တွင်ဖော်ပြပါရှိသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ပုံစာတွင် နယူးဇီလန်မှ ရော်ဂျာဖီဒါရာအစား ဆွစ်ဇာလန်နိုင်ငံမှဟူ၍ ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်းမှူး။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အီရတ်မြောက်ပိုင်းမှ တူရကီကွန်မန်ဒိုများ ဖမ်းမှု အမေရိကန်စစ်တပ်ကို တူရကီစစ်တပ် အပြစ်တင်

အန်ကာရာ ဇူလိုင် ၇

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)ဝင် တူရကီနှင့်အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးကို ဆိုးရွားသွားစေသည့် အီရတ်မြောက်ပိုင်းရှိ တူရကီ ကွန်မန်ဒိုများအား အမေရိကန် တပ်သားများက ဖမ်းဆီးလိုက်ခြင်းကို တူရကီစစ်တပ်က အမေရိကန်စစ်တပ်ကို တနင်္လာနေ့က ပြင်းထန်စွာ ပြစ်တင်လိုက်သည်။

တပ်စွဲထား

၁၉၉၀ ပြည့်လွန်နှစ်များက တူရကီ ကာ့ဒ်ခွဲထွက်ရေးသူပုန်များအား လိုက်လံတိုက်ခိုက်ရင်း ထိုအချိန်မှစ၍ တူရကီတပ်သားအချို့ အီရတ်နိုင်ငံမြောက်ပိုင်းတွင် တပ်စွဲထားခဲ့သည်။

အဆိုပါ တူရကီ တပ်သားများကို အမေရိကန်စစ်တပ်ကဖမ်းဆီးမှုကြောင့် အမေရိကန်နှင့်တူရကီ နှစ်နိုင်ငံအကြား ပြဿနာတစ်ရပ် ဖြစ်လာရသည်ဟု တူရကီ စစ်ဦးစီးချုပ် ဟီလ်မီအော့ကော့က သတင်းထောက်များအား ပြောကြားလိုက်သည်။

ထိုအဖြစ်အပျက်က မိမိတို့နိုင်ငံ့ဂုဏ်နှင့် တူရကီတပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

မျှော်လင့်

တူရကီဝန်ကြီးချုပ် အာဒိုဂန်သည် အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီနှင့် ဒုတိယအကြိမ်တယ်လီဖုန်း ဆက်သွယ်ပြောကြားရာ၌ ထိုဖမ်းဆီးမှု နောက်ကွယ်မှ တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူပေးမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။ ***အင်တာနက်။***

ကုလသမဂ္ဂအေဂျင်စီရုံး တိုက်ခိုက်ခံရသဖြင့် အစောင့်တစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၇

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ရှိ ကုလသမဂ္ဂနိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာအဖွဲ့၏ရုံးအဆောက်အအုံများကို အာပီဂျီဗုံးသီးဖြင့် စနေနေ့က ပစ်ခတ်တိုက်ခိုက်သဖြင့်အီရတ်အစောင့်တစ်ဦး အနည်းငယ် ဒဏ်ရာရသွားပြီး ပျက်စီးမှုအနည်းငယ်ရှိကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

လုံခြုံရေးအဖွဲ့က ယင်းအဖြစ်ကိုစုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူဟာမက်အဗ္ဗဒဲဂျဘားက ပြောကြားသည်။

အာပီဂျီဗုံးသီးဖြင့်ပစ်သည့်အတွက် ခြံဝင်းနံရံပေါက်ထွက်သွားပြီး မော်တော်ယာဉ်နှစ်စီးပျက်စီးကာ အီရတ်အစောင့်တစ်ဦး အနည်းငယ် ဒဏ်ရာရသွားသည်။ ယခုအခါရုံးတွင်းရှိ ဝန်ထမ်းအားလုံးကို ပိုမိုလုံခြုံသည့် နေရာသို့ပြောင်းရွှေ့ပေးလိုက်ပြီဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်ပြည်အရှေ့မြောက်ပိုင်း လျောင်နင်ပြည်နယ် ရှင်ယန်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုကြောင့် လမ်းကြောများ ပိတ်မိနေသည့် ကားများကို ယာဉ်ထိန်းရဲတစ်ဦးက ဇူလိုင် ၈ ရက်၌ လမ်းကြောင်း ရှင်းပေးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အယ်လ်ဂျာဇီယာရုပ်သံက ထုတ်လွှင့်ပြသသည့် စကားပြောခွေမှ အသံသည် ဆက်ဒမ်ဟူစိန်၏အသံဟု စီအိုင်အေတာဝန်ရှိ ပုဂ္ဂိုလ်များ ယုံကြည်ယူဆထား

ဝါရှင်တန် ဇူလိုင် ၈

အီရတ်နိုင်ငံတွင် သွေးချောင်းစီးတိုက်ခိုက်မှုများ ပိုမိုပေါ်ပေါက်လာနိုင်ပြီး အမေရိကန်တပ်သားများအား တွန်းလှန်နေသူများကို အီရတ်ပြည်သူတို့က ကူညီပံ့ပိုးကြပါရန် သတိပေးထားသည့်မကြာမီက အယ်လ်ဂျာဇီယာ ရုပ်မြင်သတင်းတွင် ဖော်ထုတ်ပြသသွားသောစကားပြောခွေမှအသံသည်ဆက်ဒမ်ဟူစိန်၏ အသံဖြစ်သည်ဟု အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)မှတာဝန်ရှိပုဂ္ဂိုလ်များက ယုံကြည်ယူဆထားကြကြောင်း ပြောကြားလိုက်သည်။

အာရေဗျဘာသာဖြင့် ထုတ်လွှင့်သည် အယ်လ်ဂျာဇီယာရုပ်မြင်သံကြားက ဇူလိုင် ၄ရက်ကထုတ်လွှင့်သွားသည့် ဖော်ပြပါစကားပြောခွေ၏ အသံသွင်းမှု အရည်အသွေးမှာ ညံ့ဖျင်းလှကြောင်း၊ ယင်းကြောင့် ဆက်ဒမ်ဟူစိန်၏အသံဖြစ်သည်ဟုလုံးဝဥဿုံသေချာကြောင်း၊အပ်ကျမပ်ကျဆုံးဖြတ်မရနိုင်ကြောင်းစီအိုင်အေမှပြောရေးဆိုခွင့်ရှိသူ ဘီလ်ဟာလိုကပြောကြားသည်။

၎င်းစကားပြောခွေအား နည်းပညာပိုင်းအရ ပိုင်းခြားစိတ်ဖြာ လေ့လာကြည့်ပြီးနောက် ၎င်းတိပ်ခွေသည် ဆက်ဒမ်ဟူစိန်၏ အသံသွင်းထားသည့် စကားပြော တိပ်ခွေဖြစ်သည်ဟု ခန့်မှန်းထားကြောင်း၊ သို့ရာတွင် အသံသွင်းထားသော ရက်စွဲအတိအကျကို မဆုံးဖြတ်နိုင်ကြောင်း ဘီလ်ဟာလိုက ထပ်လောင်းပြောကြားသည်။

အမေရိကန် ဦးဆောင်သည့်တပ်ဖွဲ့များ အီရတ်နိုင်ငံတွင်း ဝင်ရောက်တိုက်ခိုက်ပြီး ဆက်ဒမ်ဟူစိန်အား ရာထူးမှဖယ်ရှားပြီးနောက် ဆက်ဒမ်အား လူမြင်ကွင်းတွင် မြင်တွေ့ရခြင်း မရှိတော့ပေ။ အဆိုပါ စကားပြောတိပ်ခွေတွင် အမေရိကန်စစ်သားများအား တွန်းလှန်နေသည့် သူရဲကောင်း တော်လှန်ရေးသမားများအား အကာအကွယ်ပေးကြပါရန် ဆက်ဒမ်ဟူစိန်က နှိုးဆော်ထားပြီး မိစ္ဆာကျူးကျော်သူများ သို့မဟုတ် ၎င်းတို့၏ လက်ထောက်များအား မည်သည့်အကူအညီနှင့် သတင်းအချက်အလက်များကိုမျှ မပေးကြပါရန်လည်း တိုက်တွန်းထားသည်။

စကားပြောခွေတွင် အသံသွင်းထားမှု လေယူလေသိမ်း၊ စကားပြောပုံဟန်ပန်နှင့် တိုက်တွန်းနှိုးဆော်ထားမှု အခြေခံအချက်အလက်တို့သည် ယခင်ဆက်ဒမ်ဟူစိန်၏ စကားပြောခွေများနှင့် ကိုက်ညီမှုရှိကြောင်း အမေရိကန်ထောက်လှမ်းရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ တူရကီသံရုံးရှေ့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်သားများအား တွေ့ရစဉ်။ (အီရတ်နိုင်ငံမြောက်ပိုင်း ဆူလေမာနီယာဒေသတွင် စီးနင်းဝင်ရောက်တိုက်ခိုက်စဉ် ထိန်းသိမ်းခဲ့သော တူရကီအထူးတပ်သား ၁၁ ဦးတို့အား ပြန်လွှတ်ပေးရန် အမေရိကန်ကသဘောတူခဲ့သည်။)

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာ သတင်းများ

တူရကီသတင်းထောက်နှစ်ဦး အီရတ်၌လုယက်ခံရ

အန်ကာရာ ဇူလိုင် ၈

တူရကီနိုင်ငံ၏ အစိုးရတစ်ပိုင်းဖြစ်သော အနာတိုလီယန်သတင်းဌာန၏ သတင်းထောက်နှစ်ဦးသည် အီရတ်နိုင်ငံ၌ တနင်္ဂနွေနေ့က သေနတ်သမားခြောက်ဦး၏ တိုက်ခိုက်မှုကို ခံရကြောင်း သတင်းဌာနက ကြေညာသည်။

မျက်နှာဖုံးတပ်ထားသော သေနတ်သမားများက သတင်းထောက်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်ကို အဓမ္မရပ်ခိုင်းပြီး ပါလာသမျှသော ငွေနှင့်ပစ္စည်းများကို လုယူလိုက်ကြသည်။

ထိုသို့ တိုက်ခိုက်လုယက်ခံရပြီးနောက် တူရကီ သတင်းထောက်နှစ်ဦးမှာ အဝေးပြေးလမ်းမကြီးတစ်လျှောက် ခြေကျင်လျှောက်ပြီး ဘဂ္ဂဒက်မြို့ တူရကီသံရုံးသို့ သွားရောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယ–ပါကစ္စတန် ပြေးဆွဲမည့်ဘတ်စ်ကား လာမည့်သီတင်းပတ်၌ ပြန်လည်ပြေးဆွဲမည်

နယူးဒေလီ ဇူလိုင် ၈

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့နှင့် ပါကစ္စတန်နိုင်ငံလာဟိုးမြို့တို့အကြား ဆက်သွယ်ထားသည့်ဘတ်စ်ကားလမ်းသည် ၁၈လကြာရပ်ဆိုင်းခဲ့ပြီးနောက် လာမည့် သောကြာနေ့မှစတင်ကာ ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်း ဒေလီသယ်ယူပို့ဆောင်ရေးကော်ပိုရေးရှင်း (ဒီတီစီ)က နယူးဒေလီတွင် စနေနေ့၌ ထုတ်ပြန်ကြေညာသည်။

အိန္ဒိယပါလီမန်အား အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၃၁ရက်က ရပ်ဆိုင်းခဲ့သောအဆိုပါဘတ်စ်ကားလမ်းကြောင်း ပြန်လည်ပြေးဆွဲမှုသည်နှစ်နိုင်ငံအကြား ယုံကြည်မှု တည်ဆောက်ရေး၏ နောက်ထပ် အစီအစဉ်တစ်ရပ် ဖြစ်ကြောင်း ဒီတီစီကပြောကြားသည်။

လက်ခံရရှိ

အပတ်စဉ် နှစ်ကြိမ် ပြေးဆွဲမည့် ကားလမ်း ခရီးစဉ်ပြန်လည်စတင်ရေးအတွက် ဗဟိုအစိုးရထံမှ တရားဝင် ဆက်သွယ်မှုကို ဒီတီစီက လက်ခံရရှိထားသည်။

အကောင်အထည်ဖော်

ယင်းကားလမ်းကိုအိန္ဒိယဝန်ကြီးချုပ် ဗာ့ဂျ်ပါယီးက စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က ဗာ့ဂျ်ပါယီးသည် အဆိုပါ ဘတ်စ်ကားစီးကာ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလက လာဟိုးမြို့သို့ ရောက်ရှိခဲ့သည်။

စတင်ပြေးဆွဲမည်

ဇူလိုင် ၁၁ရက်နံနက်ပိုင်းတွင် နယူးဒေလီမှ ပထမဆုံးဘတ်စ်ကား စတင်ပြေးဆွဲမည်ဖြစ်ကြောင်း ဒီတီစီ ပြောရေးဆိုခွင့်ရှိသူ ဆွန်နက်မက်ဂယ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီဂျစ်နှင့် တရုတ်ပြည်တို့ ပူးပေါင်းဆောင်ရွက်မှု ကျယ်ကျယ်ပြန့်ပြန့်ရှိနေ

ကိုင်ရို ဇူလိုင် ၈

အီဂျစ်နှင့်တရုတ်ပြည်တို့အကြား လာမည့်နှစ်များ၌ ပူးပေါင်းဆောင်ရွက်ရေးအလားအလာသည် ကျယ်ကျယ်ပြန့်ပြန့်ရှိနေကြောင်း အီဂျစ်ဒုတိယဝန်ကြီးချုပ် ယူဆွတ်ဝါလီက စနေနေ့တွင် ပြောကြားသည်။အီဂျစ်နှင့် တရုတ်ပြည်တို့သည် လွန်ခဲ့သည့်နှစ်များအတွင်း နိုင်ငံရေး၊ လူမှုရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍတို့၌ ရင်းနှီးသည့်ပူးပေါင်းဆောင်ရွက်မှုရှိကြောင်း ကိုင်ရိုရှိတရုတ်သံရုံးက အီဂျစ်–တရုတ်ချစ်ကြည်ရေးအသင်းသို့ လေအေးပေးစက် ၁၀ လုံး တပ်ဆင်မည့်အခမ်းအနား၌ ဝါလီက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်ခုခံရေးသမားတို့၏ မြို့ပြပြောက်ကျားစစ်ဆင်ရေး ဘဂ္ဂဒက်ရှိ အမေရိကန်စစ်သားများ ထိတ်လန့်သွေးပျက်

ဘဂ္ဂဒက် ဇူလိုင် ၈

အီရတ်နိုင်ငံရောက် အမေရိကန်စစ်သားများအပေါ် အီရတ်ခုခံရေးသမားများက အရှိန်မြှင့်တိုက်ခိုက်လာသည်။ ထိုစဉ် သမ္မတဆက်ဒမ်ဟူစိန်အစိုးရအား ဖြုတ်ချရန် ကျူးကျော်တိုက်ခိုက်စဉ်က အမေရိကန်တပ်က ရှောင်ရှားရန် စီစဉ်ခဲ့သည့် မြို့ပြစစ်ဆင်ရေးမှ တစ်ဖက်ရန်သူ အီရတ်တို့က ဘဂ္ဂဒက်မြို့တော်၏ လူစည်ကားမှု၊ မြင့်မားသော အဆောက်အအုံနှင့် လူများကြိတ်ကြိတ်တိုးသည့် လမ်းမကြီးများကို အမေရိကန်စစ်သားများအား ရုတ်တရက်တိုက်ပြီး ပုန်းအောင်းခြေရာ ဖျောက်စရာများအဖြစ် အသုံးပြုလျက်ရှိသည်။

ပျောက်သွား

တနင်္ဂနွေနေ့က ဘဂ္ဂဒက်တက္ကသိုလ် သက်သာစားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ အမေရိကန်တပ်သားတစ်ဦး၏ လည်ကုပ်ကို လူတစ်ယောက်က သေနတ်ဖြင့် အသေပစ်သတ်ပြီးနောက် ကျောင်းသားများကြားတွင် ပျောက်သွားခဲ့သည်။

ကြာသပတေးနေ့ညက သံချပ်ကာကားတံခါးပေါက်မှ ခေါင်းပြူကြည့်သည့် အမေရိကန်စစ်သားတစ်ဦးကို လမ်းတစ်ဖက်ရှိ ရုစ်ထပ်အဆောက်အအုံမှ လက်ဖြောင့်တပ်သားတစ်ဦးက ပစ်သတ်လိုက်သည်။ ထို့ပြင် လွန်ခဲ့သည့် ၁၀ ရက်ကလည်း အမေရိကန်မြို့ပြရေးရာ စစ်သားတစ်ဦး လမ်းဘေးလျှောက်လာစဉ် သေနတ်သမားတစ်ဦးက ပစ်ခတ်ပြီးနောက် ဈေးဝယ်သူ လူအုပ်ထဲပြန်ဝင်ကာ ကိုယ်ယောင်ဖျောက်သွားသည်။

တထိတ်ထိတ် တလန့်လန့်

နေ့စဉ်နေ့တိုင်း မြို့ပြပြောက်ကျား၏ ဝင်တိုက်ခိုက်မှုများ ရှိလာသည့်အတွက် အများအားဖြင့် လမ်းမကြီးများပေါ် ကားဖြတ်မောင်းသူက မောင်း၊ အစိုးရအဆောက်အအုံရှေ့ ရပ်တန့်စောင့်ကြပ်သူက စောင့်ကြရ၊ လူကြားသူကြား ဖြတ်လမ်းလျှောက်သူက လမ်းလျှောက်နေကြရသော အမေရိကန်စစ်သားများမှာ ဘဂ္ဂဒက်မြို့တော်၌ နေရသည့်အချိန်၌ တထိတ်ထိတ်တလန့်လန့်ဖြစ်နေကြရသည် ဆို၏။

အင်တာနက်။

အထုပ်နှစ်ထုပ်ကို တွေ့ရှိ

ဘဂ္ဂဒက်မြို့မြောက်ဘက် ကာဒီမီယာအရပ်တွင် ကားစစ်ဆေးရေးစခန်း၌ ကားကိုစစ်ဆေးစဉ် ကားအတွင်းမှ အမေရိကန်ဒေါ်လာငွေများ ထည့်ထားသည့် အထုပ်နှစ်ထုပ်ကို တွေ့ရှိခဲ့ပြီးနောက် ထပ်မံစစ်ဆေးမေးမြန်းရန် ကားမောင်းသူအား အမေရိကန်တပ်သားတစ်ဦးက လက်ထိတ်ခတ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာဆရာမြို့တွင် ဗြိတိန်စစ်သားဒဏ်ရာရ လက်ဖြောင့်သေနတ်သမားက ပစ်ခတ်ခဲ့ဟုဆို

ဘာဆရာ ဇူလိုင် ၈

ဗြိတိသျှစစ်သားတစ်ဦးသည် အီရတ်နိုင်ငံတောင်ပိုင်းတွင် လက်ဖြောင့်သေနတ်သမား၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသည်ဟု လန်ဒန်မြို့ရှိ ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက အင်္ဂါနေ့၌ ထုတ်ဖော်ပြောကြားသည်။

၎င်းစစ်သားမှာ တိုက်ကင်းလှည့်နေစဉ် တနင်္ဂနွေနေ့က အပစ်ခံရခြင်းဖြစ်သည်။

ပုံမှန်ကင်းလှည့်နေစဉ်

ဗြိတိသျှတပ်ဖွဲ့သည် ဘာဆရာမြို့၏ မြောက်ဘက်ဆင်ခြေဖုံးတွင် ပုံမှန်ကင်းလှည့်နေစဉ် ပစ်ခတ်ခံခဲ့ရခြင်းဖြစ်သည်။ ကင်းလှည့်စစ်သားမှာ ခြေထောက်တွင် ဒဏ်ရာရရှိသွားပြီး ရေ့တန်းစစ်မြေပြင်ဆေးရုံသို့ တင်လိုက်ရသည်။ ယခုအခါ ၎င်း၏အခြေအနေမှာ တည်ငြိမ်မှုရှိနေကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

ပဋိပက္ခ

ပြီးခဲ့သောလက ဘာဆရာမြို့၏ မြောက်ဘက် မိုင် ၁၀၀ အကွာရှိ မာဂျာအယ်လ်ကာဘီမြို့တွင် ဗြိတိသျှစစ်တပ်နှင့် အီရတ်လူထု ပဋိပက္ခဖြစ်ခဲ့ကြစဉ်က ဗြိတိသျှစစ်ပုလိပ်ခြောက်ဦး အသက်ဆုံးရှုံးခဲ့ရသည်။

အင်တာနက်။

အီရတ်လက်နက်အစီအစဉ် အလွန်သို့ဝှက်လွန်း ထောက်လှမ်းရေးသတင်းရရှိနိုင်မှု အလွန်နည်းပါးခဲ့

လန်ဒန် ဇူလိုင် ၈

ဆက်ဒမ်ဟူစိန်၏ တပ်မှူးများသည် **အမေရိကန်ဦးဆောင်သော** တပ်ဖွဲ့များအား **အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များကို ဖြန့်ကြက်ကာ တိုက်ခိုက်မည် ဟုတ်၊ မဟုတ် အီရတ် စစ်ပွဲမတိုင်မီတွင် ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့ အတိအကျ မသိရှိခဲ့ကြောင်း ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။**

အကန့်အသတ်ဖြင့်သာ

အီရတ်စစ်ပွဲမတိုင်မီတွင် ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် အီရတ်နိုင်ငံ၏ အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များ၏ စွမ်းပကားအခြေအနေကို အကန့်အသတ်ဖြင့်သာလျှင်ရှိသော ထောက်လှမ်းရေးသတင်းအရ သိရှိခဲ့ကြကြောင်း အီရတ်စစ်ပွဲနှင့် ပတ်သက်၍ ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ပထမဆုံးအကြိမ် သုံးသပ်ချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

တိုက်ချင်းပစ်ဒုံးပျံ

အီရတ်အစိုးရသည် စစ်ကာလအတွင်း တိုက်ချင်းပစ်ဒုံးပျံများကို အသုံးပြုနိုင်ဖွယ်ရှိကြောင်း၊ အကယ်၍ အီရတ်နိုင်ငံတွင် အစုအပြုံလိုက် ဖျက်ဆီးနိုင်သောလက်နက်များ စစ်အတွက် အသုံးပြုရန် အသင့်အနေအထားရှိပါက ယင်းလက်နက်များဖြင့် တိုက်ခိုက်နိုင်ဖွယ်ရှိကြောင်း ဗြိတိသျှထောက်လှမ်းရေးက စစ်ပွဲကာလမတိုင်မီက သုံးသပ်ခဲ့သည်။

ဆက်ဒမ်ဟူစိန်အစိုးရအဖွဲ့ လက်ထက်တွင် အီရတ်၏ တားမြစ်ခံရသော လက်နက်အစီအစဉ်မှာ အလွန်ပင်သိုဝှက်မှုရှိကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

မဆိုစလောက်

အီရတ်စစ်လက်နက် အစီအစဉ်သည် အလွန်ပင်သိုသိပ်လှသဖြင့် ဗြိတိသျှထောက်လှမ်းရေးဌာနအနေဖြင့် ယင်းအစီအစဉ်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ခက်ခဲပြီး မဆိုစလောက်သော သတင်းအချက်များကိုသာလျှင် ရယူနိုင်စွမ်းရှိခဲ့ကြောင်း "၂၀၀၃ ခုနှစ် အီရတ်စစ်ဆင်ရေးလုပ်ငန်းများအား ပထမအကြိမ်သုံးသပ်လေ့လာခြင်း" ဟု အမည်ပေးထားသော စာမျက်နှာ ၄၈ မျက်နှာပါ အစီရင်ခံစာတွင်ဖော်ပြထားသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

ဆုတံဆိပ်ရရှိ

ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ နှစ်ယောက်တွဲ ပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့် မာတီနာနာဗရာတီလိုဗာ (ယာ) **နှင့် လင်ဒါပီရက်စ်** (ဝဲ)**တို့အား ဝင်ဘယ်ဒန်ဆုတံဆိပ်နှင့်အတူ တွေ့ရစဉ်။ [နာဗရာတီလိုဗာအဖို့ ဝင်ဘယ်ဒန်ဆုတံဆိပ်ကို အကြိမ်(၂၀)မြောက် ရရှိခြင်းဖြစ်သည်။]**

(ဓာတ်ပုံ-အင်တာနက်)

ဆီးရီးယားနှင့် အီဂျစ်သမ္မတတို့ တွေ့ဆုံ အရှေ့အလယ်ပိုင်းဒေသအရေး ဆွေးနွေး ဆွေးနွေးပွဲအပြီး ကြေညာချက် ထုတ်ပြန်

ကိုင်ရို ဇူလိုင် ၈

ဆီးရီးယားသမ္မတ ဘရှားအယ်အာဆတ်သည် အီဂျစ်နိုင်ငံတွင် ခေတ္တခဏ အလည်အပတ်လာရောက်ပြီးနောက်တွင် တနင်္လာနေ့ မွန်းလွဲပိုင်း၌ ကိုင်ရိုမှ ပြန်လည်ထွက်ခွာသွားကြောင်း အီဂျစ် တရားဝင်မီနာသတင်းဌာနက ဖော်ပြသည်။

တွေ့ဆုံ

ကိုင်ရိုတွင်ရှိနေစဉ် အာဆတ်သည် အီဂျစ်သမ္မတမူဘာရက်နှင့် တွေ့ဆုံကာ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးရရှိရေးနည်းလမ်းများ၊ စစ်ပြီးခေတ်လွန်ကာလ အီရတ်အခြေအနေနှင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲအပြီး ထုတ်ပြန်သည့်ကြေညာချက်တွင် ဆီးရီးယား-အစ္စရေးနှင့် လက်ဘနွန်-အစ္စရေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရှေ့တိုးလှုပ်ရှားရေးအတွက် အကူအညီပေးရန် နိုင်ငံတကာ လေးပွင့်ဆိုင်အုပ်စုအား ဆီးရီးယားနှင့် အီဂျစ်ခေါင်းဆောင်တို့က တိုက်တွန်းလိုက်သည်။

ပြန်လည်စတင်နိုင်ရန်

ကုလသမဂ္ဂ၊ အမေရိကန်၊ ဥရောပသမဂ္ဂနှင့် ရုရှားတို့ဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာလေးပွင့်ဆိုင်အုပ်စုသည် တိမ်းချော်သွားသည့် ပါလက်စတိုင်း-အစ္စရေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်စတင်နိုင်ရန် ရည်ရွယ်သည့် ငြိမ်းချမ်းရေးအစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

ဆီးရီးယား-အစ္စရေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအစီအစဉ်၌ သင့်တင့်လျောက်ပတ်စွာ ထည့်သွင်းခြင်းမပြုလျှင် ဒေသတွင်း၌ ပြည့်စုံသည့်ငြိမ်းချမ်းရေး ရရှိမည်မဟုတ်ကြောင်း ဆီးရီးယားနိုင်ငံက ပြတ်ပြတ်သားသား ပြောဆိုထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘယ်ဂျီယံ ရဲတပ်ဖွဲ့ ဘိန်းဖြူ ၁၆ ကီလိုသိမ်းမိ

ဘရပ်ဆယ် ဇူလိုင် ၈

အမ်စတာဒမ်မြို့မှ ဆိုက်ရောက်လာသည့် နိုင်ငံတကာ ရထားတစ်စင်းအား ပုံမှန်ရှာဖွေစစ်ဆေးစဉ် ဘိန်းဖြူ ၁၆ ကီလိုကို သိမ်းဆည်းမိကြောင်း ဘယ်ဂျီယံ ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

အက်ဝပ်ဆိပ်ကမ်းမြို့သို့ ရထားဆိုက်ရောက်စဉ် အဆိုပါဘိန်းဖြူများအား ဖွက်ပစ်ထားသည့် အားကစားအိတ်တစ်အိတ်တွင်းမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဘယ်ဂျီယံရဲတပ်ဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါ အိတ်ပိုင်ရှင်အား နောက်ယောင်ခံ၍ ဖမ်းမိခြင်း မရှိဟုသိရသည်။ ***အမ်အင်အေ၊ရိုက်တာ***

အီရတ်စစ်ပြီးကာလ အမေရိကန်အစီအစဉ် အီရတ်ခုခံတော်လှန်ရေးက မပီမပြင်ဖြစ်အောင်ဖန်တီး

ဝါရှင်တန် ဇူလိုင် ၈

အကြီးအကျယ်တိုက်ပွဲကြီးများ ပြီးဆုံးသွားပါပြီဟူ၍ အမေရိကန်သမ္မတဘုရှ် မေလ ၁ရက်က ကြေညာပြီး နှစ်လကျော်အကြာတွင် အီရတ်နိုင်ငံ၌ အမေရိကန်စစ်သားများ နေ့စဉ်လိုပင် အသတ်ခံနေရသည်။ ကျူးကျော်သူဆန့်ကျင်ရေး အီရတ်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများမှာ ဆက်ဒမ်ဟူစိန်ပြန်လာမည်ဟု အီရတ်ပြည်သူများ ထင်မြင်ယူဆနေသမျှ ကာလပတ်လုံး ဆက်လက်ဖြစ်ပေါ်နေမည့်အပြင် ပိုမိုပြင်းထန်လာနိုင်သည်ဟု အများအပြားက ယုံကြည်နေကြသည်။

အီရတ်တို့၏ ခုခံကာကွယ်မှုမှာ ပိုမို အကွက်စေ့ ခေတ်မီလာသည်။ ပိုမို ခေါင်းမာလာသည်။ အမေရိကန် စစ်သားများကို အီရတ်မှမောင်းထုတ်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်မှာ သံသယဖြစ်စရာမလိုဟုပင် အမေရိကန် ဗိုလ်ချုပ်ကြီးတစ်ဦးက ဝေဖန်လိုက်သည်။

– ပြန်လာမည် –

အမေရိကန်အရာရှိများက ဘာ့သ်ပါတီဝင်ဟောင်းများနှင့် ဆက်ဒမ်ဟူစိန်အား သစ္စာခံသူများအား လိုက်လံချေမှုန်းမှုတွင် အမေရိကန်စစ်သားများအား တိုးမြှင့်တာဝန်ပေးသည့်ပြင်၊ ဆက်ဒမ်ဟူစိန်ပြန်လာမည်ဟု ထင်နေကြသည်။ သာမန် အီရတ်ပြည်သူများ အတွက်လည်း စိတ်ဓာတ်စစ်ဆင်ရေးများပြုလုပ်သည်။

– မဖျက်ရဲကြ –

ဆက်ဒမ်ဟူစိန်၏ ဇာတိမြို့ တီကရစ်၌ ဆက်ဒမ်ကို ချီးကျူးထားသည့် စာသားအချို့ကို နံရံပေါ် တစ်စုံတစ်ယောက်က ရေးခြစ်ထားသည်ကိုပင် မည်သူမျှမဖျက်ရဲကြပေ။

ဆက်ဒမ်အား ထောက်ခံသူ အကြွင်းအကျန်များ ရှိနေသရွေ့ အမေရိကန်စစ်သားများအား တိုက်ခိုက်မှုရပ်မည် မဟုတ်ဟု အမေရိကန်ရောက် အီရတ်ပြည်ပြေးတစ်ဦးက ပြောဆိုသည်။

သို့သော် ကာကွယ်ရေးရာကိစ္စ ကျွမ်းကျင်သူ မိုက်ကယ်အိုဟန်ရန်ကမူ ဆက်ဒမ်ဟူစိန် သေသည်၊ ရှင်သည်ဆိုသည့် ပြဿနာမှာ အမေရိကန်စစ်သားများ ရင်ဆိုင်ကြုံတွေ့နေရသည့် အဓိက ပြဿနာမဟုတ်ဟု ယုံကြည်သည်။

ဆက်ဒမ်ဟူစိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အဓိက ပြဿနာမှာ အီရတ်အစိုးရသစ်နှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်မဝင်စားသည့် ဘာ့သ်ပါတီဝင်ဟောင်း အများအပြား ရှိနေခြင်းပင်ဖြစ်သည်ဟု ၎င်းက ပြောဆိုသည်။

အမေရိကန်အစိုးရသည် ပဋိပက္ခ ဖြေရှင်းရေးဆိုင်ရာ တိကျပီပြင်သော စီမံချက်မရှိခြင်းနှင့် ဆက်ဒမ်ဟူစိန် ပြုတ်ကျသွားပြီးနောက် ခုခံလာမည့် ပမာဏအတိုင်းအတာကို လျှော့တွက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဝေဖန်လိုက်သည်။ ***အင်တာနက်။***

အီရတ်စစ်ပွဲကို ထောက်ခံသူဦးရေ ဗြိတိန်၌ သိသိသာသာကျဆင်းသွား

လန်ဒန် ဇူလိုင် ၉

ဗြိတိန်နိုင်ငံတွင် ပြည်သူလူထုက အီရတ်စစ်ပွဲကို အားပေးထောက်ခံမှုမှာ သိသိသာသာ ကျဆင်းလာနေကြောင်း၊ အီရတ်နိုင်ငံအား စစ်ရေးအရ တိုက်ခိုက်ခြင်းသည် ဗြိတိန်နိုင်ငံအတွက် မှားယွင်းခြင်းဖြစ်သည်ဟု ယုံကြည်ယူဆသူဦးရေမှာ ပြည်သူလူထု၏ ၄၅ရာခိုင်နှုန်းရှိကြောင်း အင်္ဂါနေ့တွင် တိုင်းမ်စ်သတင်းစာကဖော်ပြသည့် ပေါ်ပြူလပ်စ်လူထုစစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က ကောက်ယူခဲ့သော အဆိုပါစစ်တမ်းတွင် အီရတ်စစ်ပွဲ မတိုင်မီကာလက အီရတ်နိုင်ငံ၏ အစုအပြုံလိုက် ဖျက်ဆီးနိုင်သောလက်နက်များ သုံးသပ်မှုဆိုင်ရာ အစိုးရ၏ မှတ်တမ်းနှင့်ပတ်သက်၍ ဗြိတိသျှ ဝန်ကြီးချုပ်တိုနီဘလဲ၏ အစိုးရအနေဖြင့်ဂုဏ်သိက္ခာထိခိုက်ရသည်ဟု အလေး အနက်ဖော်ပြထားသည်။

အီရတ်နိုင်ငံအား စစ်ဆင်နွှဲတိုက်ခိုက်ခြင်းသည် မှန်ကန်မှုရှိသည်ဟု ယူဆသူဦးရေသည် ဧပြီလအတွင်းက ၆၄ ရာခိုင်နှုန်းရှိခဲ့ရာမှ မေလတွင် ၅၈ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း၊ ယခုအခါတွင်မူ ၄၇ရာခိုင်နှုန်းသို့ ထပ်မံကျဆင်းသွားကြောင်း၊ ဗြိတိသျှပြည်သူလူထု၏ ၈ ရာခိုင်နှုန်းကမူ အီရတ်နိုင်ငံအား စစ်ရေးအရ တိုက်ခိုက်မှုမှန်ကန်ခြင်းရှိ၊ မရှိဝေခွဲနိုင်ခြင်းမရှိကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

အလားတူပင် အီရတ်နိုင်ငံအား စစ်ရေးအရတိုက်ခိုက်ခြင်းသည် မှားယွင်းသည်ဟု ယူဆသူဦးရေသည် ဧပြီလက ၂၄ ရာခိုင်နှုန်းရှိခဲ့ရာမှ မေလတွင် ၃၄ရာခိုင်နှုန်းသို့ မြင့်တက်လာပြီး ယခုအခါတွင်မူ ၄၅ ရာခိုင်နှုန်းသို့ ရောက်ရှိလာကြောင်း၊ ဗြိတိသျှအမျိုးသမီးများနှင့် အသက်အရွယ်ကြီးရင့်သူများ အတွင်း အီရတ်စစ်ပွဲအား ထောက်ခံသူဦးရေမှာ သိသိသာသာကျဆင်းသွားကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်သားများတိုက်ခိုက် အီရတ်အရပ်သားနှစ်ဦးကိုပစ်သတ်ဟု မျက်မြင်များကပြောကြား

ရာမာဒီ(အီရတ်) ဇူလိုင် ၈

ဘဂ္ဂဒက်အနောက်ပိုင်း ရာမာဒီမြို့တွင် အီရတ်ပြောက်ကျားများနှင့် အမေရိကန်စစ်သားများ တိုက် ခိုက်မှုဖြစ်ပွားစဉ်အတွင်း အမေရိကန်တပ်သားများက အီရတ်အရပ်သားနှစ်ဦးအား ပစ်သတ်လိုက်ကြောင်း မျက်မြင်သက်သေများက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန် စစ်သားများ၏ မော်တော်ယာဉ် ကားတန်းတစ်ခုအား ပြောက်ကျားများက ချောင်းမြောင်း တိုက်ခိုက်ပြီးသည့်နောက် အရပ်သားနှစ်ဦးအား သယ်ဆောင်လာသည့် ယာဉ်တစ်စီးကို တနင်္ဂနွေနေ့ညက အမေရိကန်စစ်သားများက ပစ်ခတ်ခြင်းဖြစ်ကြောင်း ဖော်ပြပါသက်သေများက ပြောကြားသည်။

ရောမပေါက်ကွဲသံ

လွန်ခဲ့သည့်ည ၁၁ နာရီ၃၀ မိနစ်ခန့်တွင် ဗုံးပေါက်ကွဲသံကြီး မိမိတို့ကြားကြရကြောင်း၊ ထို့နောက် အီရတ်အရပ်သားများက ကားတစ်စင်းထဲရှိ အမေရိကန်စစ်သားများကို ပစ်ခတ်တိုက်ခိုက်ကြကြောင်း၊ အမေရိကန်စစ်သားများက အမြန်မောင်းကာ ပစ်ခတ်မှုတွင်ပါဝင်ခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးဖြစ်သူ မာခလစ်ကရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ပစ်သတ်ခံ့

ထို့နောက် လူနာတင်ကားရောက်လာကာ သေဆုံးသည့် အရပ်သားနှစ်ဦး၏ အလောင်းကို ကားပေါ်သို့ တင်ဆောင်ကြကြောင်း၊ အမေရိကန်စစ်သားများသည် ယင်းအရပ်သားများကို ယမန်နေ့ညက ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြောကြား

အမေရိကန် စစ်ကားသုံးစီးသည် ရာမာဒီ အထွေထွေကုဆေးရုံကြီးသို့ တနင်္ဂနွေနေ့ည ညဉ့်နက်ပိုင်းက ရောက်ရှိလာပြီး ခေါင်းပြတ်နေသည့် လူတစ်ဦး၏အလောင်းကို ထားသွားခဲ့ကြောင်း ၎င်းဆေးရုံဝန်ထမ်းများက ပြောကြားသည်။

အမေရိကန်သမ္မတ ဂျော့ချ်၊ ဒဗလျူ ဘုရှ်က အီရတ်နိုင်ငံတွင် အဓိကထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြီးဆုံးသွားပြီဟု မေ ၁ ရက်က ကြေညာပြီးခဲ့သည့်နောက် အမေရိကန်စစ်သားများမှာ နှစ်လကျော်ကာလအတွင်း နေ့တိုင်းနီးပါးမျှ အပစ်ခတ်ခံနေကြရသည်။

အမ်အင်အေ၊ရိုက်တာ။

ဇူလိုင် ၇ရက်က ကျင်းပသည့် ဘဂ္ဂဒက်မြို့ ကောင်စီအစည်းအဝေး ဖွင့်ပွဲတွင် အစည်းအဝေး သဘာပတိက အစည်းအဝေး အစီအစဉ်များကို တင်ပြစဉ်။ (အသစ်ဖွဲ့စည်းထားသည့် ဘဂ္ဂဒက်မြို့တော်ကောင်စီသည် အကြံပေးသည့် အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားမည်ဖြစ်သည်။)

(ဓာတ်ပုံ-ဆင်ဟွာ)



တရုတ်–ဗီယက်နမ်ဆက်သွယ်သည့်ရထားလမ်း ကုန်စည်သယ်ယူပို့ဆောင်မှု စံချိန်တင်မြင့်တက်

ကူမင်း ဇူလိုင် ၈

ယခုနှစ် ပထမနှစ်ဝက်တွင် တရုတ်ပြည်အနောက်တောင်ပိုင်း ယူနန်ပြည်နယ်နှင့် ဗီယက်နမ်နိုင်ငံတို့ကို ဆက်သွယ်ထားသည့် ဒီယန်ယူရထားလမ်းသည် ရထားစင်းရေ ၆၂၉စင်းဖြတ်သန်းခဲ့ရာ ကုန်တန်ချိန် ၃၃၇၆၀၀ကျော်ကို စံချိန်တင်သယ်ဆောင်နိုင်ခဲ့သည်။

စုစုပေါင်း ကုန်ပမာဏအနက် ၈၆၈၄၅တန်မှာ ဗီယက်နမ်နိုင်ငံမှ တင်သွင်းသည့် ကုန်စည်များဖြစ်ပြီး ယမန်နှစ်အလားတူကာလကထက် ၁၁၇ ရာခိုင်နှုန်း တိုးလာခဲ့သည်။ တန်ချိန် ၂၅၀၇၆၁တန်မှာ ပို့ကုန်များဖြစ်ပြီး ၁၃ ရာခိုင်နှုန်း တိုးလာကြောင်း ယူနန်ပြည်နယ်ရထားလုပ်ငန်းဌာနမှ ထုတ်ပြန်သည့်စာရင်းဇယားများအရ သိရသည်။

နှစ် ၁၀၀ပြည့်

ယခုနှစ်သည် ယူနန်ပြည်နယ် ကူမင်းမြို့မှ ဗီယက်နမ်နိုင်ငံ ဟိုင်ဖွန်မြို့သို့ ဆက်သွယ်ထားသည့် ဒီယန်ယူရထားလမ်း ဖောက်လုပ်သည့်အနှစ် ၁၀၀ ပြည့်မြောက်သည့်နှစ်ဖြစ်သည်။ လွန်ခဲ့သည့်ရာစုနှစ်က အဆိုပါရထားလမ်းသည် တရုတ်နှင့်ဗီယက်နမ်တို့အကြား စီးပွားရေးနှင့် ယဉ်ကျေးမှုဖလှယ်မှု တိုးမြှင့်ရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

အဆိုပါရထားလမ်းကို အနှစ် ၂၀ခန့် ရပ်ဆိုင်းခဲ့ပြီးနောက် ၁၉၉၆ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ထိုအချိန်မှစတင်ကာ အဆိုပါရထားလမ်းဖြင့် သယ်ယူပို့ဆောင်မှု ပမာဏမှာ ၁၉၉၆ ခုနှစ်တွင် တန်ချိန် ၄၀၀၀၀ရှိခဲ့ရာမှ ၂၀၀၂ခုနှစ်၌ တန်ချိန် ၆၀၀၀၀၀နီးပါးသို့ တိုးတက်လာခဲ့သည်။ ထိုကာလအတောအတွင်း ကုန်စည်အမျိုးအစားသည်လည်း ၆၀ကျော်အထိ များပြားလာခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာသံပြည်နယ်တွင် မြစ်ရေများ ဆက်လက်မြင့်တက်

နယူးဒေလီ ဇူလိုင် ၈

ဗြဟ္မပုတ္တရမြစ်နှင့် ၎င်း၏ မြစ်လက်တက်များမှရေများ တနင်္ဂနွေနေ့က မြင့်တက်ခဲ့ရာ လူဦးရေတစ်သန်းနီးပါး ရေဘေးကြုံတွေ့နေရသည့် အိန္ဒိယနိုင်ငံအရှေ့ပိုင်း အာသံပြည်နယ်တွင် ပျက်စီးဆုံးရှုံးမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

ရေကြီးမှုကို ပြည်နယ်အတွင်းရှိ ၁၉ ခရိုင်ရင်ဆိုင်ကြုံတွေ့နေရ၍ ယခုအချိန်အထိ လူကိုးဦးသေဆုံးပြီး သီးနှံဟက်တာ ၃၅၀၀၀နီးပါး ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဒေသန္တရ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ရေဘေးဒဏ်ကိုအဆိုးရွားဆုံးရင်ဆိုင်ရသည့် ဒီမာဂျီခရိုင်တွင် အခြေအနေမှာ စိုးရိမ်နေရဆဲဖြစ်ပြီး ဂီနှင့်ဂျီအက်ဟိုးမြစ်များ၏ မြစ်ရေကြီးမှုကြောင့် ကျေးရွာများ၌ ပြည်သူ ၆၀၀၀၀ ကျော်မှာ ရေဘေးဒဏ်ကြုံတွေ့နေရသည်ဟု အိန္ဒိယပီတီအိုင် သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံညီလာခံ(စီပီပီစီစီ)၏ အမျိုးသားကော်မတီဥက္ကဋ္ဌ ကျီယာကျင်လင် (ရှေ့တန်းမှဝဲ)က ဇူလိုင် ၈ရက်တွင် ကျင်းပသော (၁၀)ကြိမ်မြောက် စီပီပီစီစီ အမြဲတမ်းကော်မတီ၏ ဒုတိယအကြိမ် မျက်နှာစုံညီ အစည်းအဝေး၌ သဘာပတိအဖြစ် ဆောင်ရွက်စဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

အလုံမြို့နယ် ဇေတနာရာမကျောင်း ဝါတွင်းတရားပွဲ

ရန်ကုန်　　ဇူလိုင်　　၉

အလုံမြို့နယ် သစ်တောလမ်း ဇေတနာရာမကျောင်း ပရိယတ္တိ စာသင်တိုက်တွင် ဇူလိုင် ၁၁ ရက် ဓမ္မဒူတဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ ကျောက်တစ်လုံး ဆရာတော်(မုဒုံ)၊ ဇူလိုင် ၁၂ ရက်တွင် အရှင်ဆန္ဒာဓိက ရွှေပါရမီတောရ၊ ဇူလိုင် ၁၃ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒတို့က ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ ဝါတွင်း သုံးလပတ်လုံး ဥပုသ်နေ့တိုင်း တရားတော်များဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။　　(က–ပ)

ခြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

အင်္ဂါရပ်ခုနစ်ထွေနှင့် ကလျာဏမိတ်ဆွေ

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

မိဇ္ဇတိ သိနေဟတီတိ မိတ္တ(စည်းလုံးသောကြောင့်မိတ္တ)ဟူသည့်ပါဠိမှ 'မိတ်'နှင့် ခင်မင်ချစ်ကြည်သူဟူသည့် မြန်မာစကား 'ဆွေ'တို့ ပေါင်းစပ်လျက် မိတ်ဆွေဟူသော မြန်မာအသုံးအနှုန်းရှိလေရာ 'မိတ်'က စည်းစည်းလုံးလုံး ရှိခြင်းကိုပြော၍ 'ဆွေ'က ခင်ခင်မင်မင်ရှိခြင်းကို ပြောသောကြောင့် မိတ်ဆွေဟူသည် မိမိနှင့် တစ်သားတည်း စည်းလုံးကာ မိမိအား ခင်မင်နေသူဟု သိရလေ၏။

တစ်သားတည်း စည်းလုံးနေသော 'မိတ်'ဖြစ်ခြင်းကြောင့် ဘယ်သော ကာလမှာမှ မကွဲပြား၊ မခြားနား။ ခင်မင်ချစ်ကြည်နေသော 'ဆွေ'ဖြစ်ခြင်းကြောင့် ဘယ်သောအခါမှာမှ အကျိုးမဖျက်၊ အဆိုးမဖက်။

ယင်းမိတ်ဆွေ၏ အင်္ဂါရပ်ခုနစ်မျိုးကို မြတ်ဗုဒ္ဓက ဤသို့ ညွှန်ပြထားတော်မူလေ၏။

၁။ **ဒုဒ္ဒဒံ ဒဒါတိ** = ပေးနိုင်ခဲသော ပစ္စည်းဥစ္စာကိုပေးခြင်း။

၂။ **ဒုက္ကရံ ကရောတိ** = ပြုနိုင်ခဲသော အရာကို (မိမိအတွက်) ပြုပေးခြင်း။

၃။ **ဒုက္ခမံ ခမတိ** = သည်းခံနိုင်ခဲသော ကိစ္စများကို (မိမိမျက်နှာထောက်၍) သည်းခံခြင်း။

၄။ **ဂုယှဿ အာဝိကရောတိ**= (သူ၏အတွင်းရေး ကိစ္စများအပါအဝင်) လျှို့ဝှက်အပ်သည်ကို (မိမိအား ယုံယုံကြည်ကြည်) ဖွင့်ဟပြောပြခြင်း။

၅။ **ဂုယှဿ ပရိဂူဟတိ**= မိမိ၏ လျှို့ဝှက်ကိစ္စများကို အခြားမည်သူ့ထံသို့မျှ မပေါက်ကြားစေခြင်း၊ မပြောခြင်း။

၆။ **အာပဒါသု န ဇဟာတိ**= အရေးကြုံလာသောအခါ ရှောင်ဖယ် စွန့်ပစ်မထားခြင်း။

၇။ **ခီဏေန နာတိမညတိ**= လောကဓံသဘာဝ အနိမ့်ပိုင်း ကြုံလာရသောအခါ အထင်မသေးခြင်း၊ မထီမဲ့မြင်မပြုခြင်း။

(အင်္ဂုတ္တရပါဠိတော်၊ သတ္တကနိပါတ်၊ ပထမမိတ္တသုတ်)

(ခ)

၂၀၀၃ ခုနှစ် ဇွန်လ ၂၆ ရက်ထုတ် သတင်းစာများ၌ ဂျာမနီနိုင်ငံမှ အထူးဧည့်သည်တော် Mr. Friedhelm Ost ၏ ရှင်းလင်းတင်ပြချက်အပြည့်အစုံကို ဖတ်ရှုရသဖြင့် ဤပုဂ္ဂိုလ်ကြီးကား မြန်မာနိုင်ငံအတွက် အင်္ဂါရပ်ခုနစ်ထွေနှင့် ပြည့်စုံသည့် ကလျာဏမိတ်ဆွေစစ်စစ်ပါတကားဟု ပီတိဖြစ်မိလေ၏။ သူ့စကားများကိုထောက်လျက် ယင်းမှတ်ချက်ဖြစ်လာခြင်းဖြစ်၏။ ထိုပုဂ္ဂိုလ်ကြီး၏ တင်ပြချက်များသည် လေးနက်မှန်ကန်ကာ မြန်မာနိုင်ငံအတွက် အားဖြစ်စေသောကြောင့် ဖြစ်၏။

Mr. Friedhelm Ostက အချိန်ဒါန်း၌ ဤသို့ထည့်သွင်းပြောကြားခဲ့၏။

"အမှန်ဆိုရရင် ယခုခရီးစဉ်ကို ပြင်ဆင်ရာမှာ စာအများအပြားကို ဖတ်ခဲ့ရသလို သောတအာရုံဖြင့်လည်း စကားလုံးပေါင်း တစ်ထောင်မက ကြားနာခဲ့ရပါတယ်။ ယခုတော့ ဒီနေရာမှာ ကျွန်တော်ဟာ ဒီနိုင်ငံနှင့်ပတ်သက်ပြီး ကျွန်တော့်ရဲ့အမြင်ကို တင်ပြသွားမှာ ဖြစ်ပါတယ်"

ဧည့်သည်တော်ကြီးရဲ့ တင်ပြချက်များသည် အိမ်ရှင်မြန်မာများအတွက် အားဆေးသဖွယ်ဖြစ်သကဲ့သို့ အမှောင့်ပယောဂဝင်ပူးကာကြမ်းရမ်းရိုင်းပျနေသော ကမ္ဘာအတွက် အထက်ဆေးတော်ကြီးသဖွယ်ဖြစ်ကြောင်း သုံးသပ်မိသောကြောင့် ထိုတင်ပြချက်များကို ဤဆောင်းပါး၌ နှစ်ပိုင်းခွဲမှတ်တမ်းပြုပါမည်။ တစ်ပိုင်းမှာ မြန်မာနိုင်ငံ၏ အတိတ်နှင့် ပစ္စုပ္ပန် ဖြစ်ရပ်မှန်များဖြစ်ပြီး ကျန်တစ်ပိုင်းမှာ မြန်မာနှင့် ကမ္ဘာဖြစ်၏။

"မြန်မာသမိုင်းကို လျှပ်တစ်ပြက်ကြည့်မယ်ဆိုလျှင် ထူးခြားသော အခြေအနေ ရုပ်ပုံလွှာများကို တွေ့နိုင်ပါတယ်"ဟု အစချီလျက် စစ်ပွဲများ၊ ကျူးကျော် အသိမ်းပိုက်ခံရမှုများနှင့် တည်ဆောက်ပြုပြင်မှုများဟူသော သမိုင်းဖြစ်စဉ်ကို တင်ပြရင်း–

"ဥရောပတိုက်သားများအနက် အနည်းငယ်လောက်သာ မြန်မာနိုင်ငံရဲ့ အရွယ်အစားကို သတိပြုမိမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဂျာမနီနိုင်ငံထက် အရွယ်အားဖြင့် နှစ်ဆမျှကြီးသော်လည်း လူဦးရေမှာ သန်း ၅၀ သာသာ ရှိပါတယ်။ ဂျာမနီနိုင်ငံမှာတော့ သန်း ၈၀ ရှိပါတယ်"

"ဥရောပသားများထဲက မြန်မာနိုင်ငံမှာ လူမျိုးပေါင်း ၁၃၅ မျိုးနေထိုင်သည်ဆိုတာကို သိသူဟာ မရှိသလောက် ဖြစ်နေမှာပါ။ ဒီလောက်များပြားတဲ့ လူမျိုးများ ညီညွတ်ရန်အတွက် ပူးပေါင်းအားထုတ်မှု ကြီးစွာလိုအပ်မှာ ဖြစ်ပါတယ်"ဟူ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မြန်မာနိုင်ငံအတွက် အသက်သွေးကြောသဖွယ်ဖြစ်ကြောင်း မီးမောင်းထိုးပြသွားလေ၏။

"အဖွဲ့ပေါင်း(၁၇)ဖွဲ့ရှိသော လက်နက်ကိုင်အုပ်စုများနှင့် အပစ်အခတ်ရပ်စဲရေးကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်တဲ့အတွက် တာဝန်ယူခဲ့သော နိုင်ငံရေးခေါင်းဆောင်များကို အားလုံးက လေးစားချီးကျူးသင့်လှပါတယ်။ ဤကိစ္စသည် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် လွန်စွာမှ အရေးကြီးတဲ့ ခြေလှမ်းတစ်ရပ်လည်း ဖြစ်ပါတယ်။ ဤအောင်မြင်မှုသည် ထာဝရ ထိန်းသိမ်းထားရမည့် တာဝန်တစ်ရပ်လည်း ဖြစ်ပါတယ်"ဟူ၍ ကောက်ချက်ချပြသွား၏။

မြန်မာနိုင်ငံ ပထဝီနယ်နိမိတ်ပြင်ပ အဝေးကြီးမှ ဂျာမနီနိုင်ငံသား နိုင်ငံရေးပညာရှင် တစ်ဦးကပင်လျှင် လေ့လာသုံးသပ် တန်ဖိုးထားတတ်သော ဤအမွန်အမြတ် ငြိမ်းချမ်းရေး ဖြစ်ထွန်းမှုကို ပြည်တွင်းရှိ ပုဂ္ဂိုလ်အချို့ တန်ဖိုးမမြင်နိုင်ကြခြင်းမှာ နိုင်ငံရေး ပညာရှင်မမည်ဘဲ နိုင်ငံရေး အန္ဓရှင်မည်သောကြောင့်သာ ဖြစ်လေ၏။

ထို့နောက် မြန်မာနိုင်ငံ၏ လက်ရှိအနေအထားကို အမှန်အတိုင်း ဤသို့ သုံးသပ်သွား၏။

"(ယခုအခါ) ခွဲထွက်ရေး အယူအဆများ အလိုအလျောက် ရုပ်သိမ်းသွားပါပြီ။ အခြေခံအဆောက်အအုံများလည်း တိုးတက်ကောင်းမွန်လာခဲ့ပါပြီ။ လွန်ခဲ့တဲ့ ၂၈ နှစ်တာ ဆိုရှယ်လစ်ကာလကထက် သာလွန်တိုးတက်လာပါပြီ။ လမ်းများ၊ တံတားများ၊ ရထားလမ်းများတိုးတက်ဖြစ်ထွန်းလာပြီး စီးပွားရေး မျက်နှာစာမှာလည်းတိုးတက်လာခဲ့ပါပြီ။ ကုန်ခဲ့တဲ့ ၁၀ နှစ်အတွင်း တစ်နှစ်ပျမ်းမျှ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါပြီ။ မည်သည့်ဘက်က ကြည့်ကြည့်၊ မြန်မာဟာ အနာဂတ်မှာ ဖွံ့ဖြိုးတိုးတက်လာဖို့ အရင်းအမြစ်ကောင်းတွေ ပိုင်ဆိုင်ထားပြီး လူဦးရေ ၅၂ သန်းအနက် အများစုမှာ လူငယ်များဖြစ်ကြပါတယ်။ ရေနံ၊ ဓာတ်ငွေ့၊ ခဲမဖြူ၊ သွပ်၊ ပတ္တမြား၊ နီလာစတာတွေ ပိုင်ဆိုင်ထားတဲ့အပြင် အလားအလာရှိတဲ့ စိုက်ပျိုးရေးနဲ့ သစ်တောကဏ္ဍလည်း ရှိနေပါတယ်"

ယင်းသို့သော အခြေအနေကောင်းများအပြင် မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသအတွင်း မဟာဗျူဟာကျသော အနေအထားကြောင့် အနာဂတ် အလားအလာ အလွန်ကောင်းကြောင်း ဤသို့ရှုမြင်ထား၏။

မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယတို့နှင့် နယ်နိမိတ်ထိစပ်နေသကဲ့သို့ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်တို့နှင့်ပါ နယ်နိမိတ်ထိစပ်နေသည့်အပြင် ကမ်းရိုးတန်း နယ်နိမိတ်ရှိနေသောကြောင့် ဒေသတွင်း၌ မဟာဗျူဟာကျကျ တည်ရှိနေပုံ၊ ယင်းသို့ မဟာမဲခေါင်ဒေသအတွင်း ပဓာနကျကျ တည်ရှိမှု အနေအထားအရ ဒေသတွင်း ဖွံ့ဖြိုးမှုအလားအလာနှင့် ဒေသတွင်း တည်ငြိမ်ရေးတို့တွင် ဦးဆောင်နိုင်သော အနေအထားရှိပုံ၊ ၂၀၀၁ နိုဝင်ဘာတုန်းက မဟာမဲခေါင်ဒေသ ဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပခဲ့သည့်တွင် ထိုဒေသနှင့် သက်ဆိုင်သော မဟာဗျူဟာ သဘောတူညီမှုကို ရရှိခဲ့ပြီးဖြစ်ပုံ၊ ထိုသဘောတူညီချက်များ၏ အကျိုးရလဒ်သည် ၂၀၀၁ ခုနှစ်၌ အကောင်အထည်ပေါ်လာမည်ဖြစ်ရာ ထိုအချိန်မှာ ဒေသတွင်း အခြေခံအဆောက်အအုံများ တိုးချဲ့ခြင်း၊ ကုန်သွယ်မှုမြှင့်တင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများ ယှဉ်ပြိုင် တိုးတက်စေခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ ပညာရေးနှင့် လူမှုရေးတိုးမြှင့်ခြင်း စသည့်အကျိုးတရားများကို မြန်မာနိုင်ငံအနေဖြင့် ခံစားရမည်ဖြစ်ပုံ၊ နယ်စပ်တစ်လျှောက် လမ်းများကောင်းမွန်လာခြင်း၊ နိုင်ငံအများနှင့်ဆိုင်သော လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကွန်ရက် ဖွံ့ဖြိုးလာခြင်း၊ ဆက်သွယ်ရေးအခြေခံ ကွန်ရက်တစ်ခု ပေါ်ပေါက်လာခြင်းတို့ကို မြန်မာနိုင်ငံ ရရှိလာမည်ဖြစ်ပုံတို့ကို ရှုမြင်ထားလေ၏။

ထို့နောက်မြန်မာနိုင်ငံသား အားလုံးတို့အတွက် လက်ရှိကျင့်သုံးနေရမည့် အရေးကြီးအချက်တို့ကို ဤသို့တင်ပြသွား၏။

"မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုအစုစုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုသာ ဦးတည်စေရမည်"တဲ့။ "နိုင်ငံလုံခြုံရေး၊ တည်ငြိမ်ရေး၊ ပြည်တွင်းစစ် ရှောင်ရှားရေးနှင့် ပြည်ထောင်စုမှ ခွဲထွက်မှုပပျောက်အောင် ပြုလုပ်ရေးတို့သည် အရေးကြီးသော ကိစ္စရပ်များဖြစ်ပါသည်"တဲ့။ နှစ်ကျော့နှစ်ကြိမ် မျက်စိစိမ်ကြပါကုန်။

မြန်မာ့မိတ်ဆွေကြီးသည် လက်ရှိနိုင်ငံတော်အစိုးရ၏ စွမ်းဆောင်မှုများနှင့် ကြုံတွေ့ရသည့် အခက်အခဲများကိုလည်း တစ်ပိုင်းတစ်ကဏ္ဍ ဤသို့ သုံးသပ်တင်ပြသွား၏။

"၁၉၉၀ပြည့်နှစ်များမှာ မြန်မာနိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ် လမ်းကြောင်းပေါ်မှာ စတင်လျှောက်လှမ်းလာခဲ့ပါတယ်။ ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်မယ်ဆိုရင် အဲဒီလမ်းကြောင်းပေါ်မှာ အောင်မြင်မှုများရရှိခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ်ဆီ ရောက်လာချိန်မှာတော့ ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများက မြန်မာပြည်ကို သိပ်စိတ်ဝင်စားလာကြကြောင်း တွေ့ရှိရပါတယ်။ အဲဒီစီးပွားရေးလုပ်ငန်းများထဲမှာ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ တရုတ်တို့အပြင် ပင်လယ်ရပ်ခြား အဝေးနိုင်ငံများလည်း ပါဝင်ကြောင်းတွေ့ရှိရပါတယ်"

"စက်မှုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနဲ့ ခရီးသွားကဏ္ဍစတာတွေမှာ ပရောဂျက်စီမံကိန်းအများအပြား အကောင်အထည်ပေါ်လာခဲ့ပါတယ်"

ဤသို့သော ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် အားကောင်းနေခိုက်မှာပင် အာရှတစ်ခွင်လုံး စီးပွားရေးအကျပ်အတည်း ပေါ်ပေါက်လာခဲ့ပုံ၊ နိုင်ငံအများ ထိုစီးပွားရေးဂယက်ကြောင့်အထိနာခဲ့ရပုံ၊ ဂျပန်၌ပင် စီးပွားရေးကျဆင်းလာပုံ၊ ထိုအချိန်၌ပင်အမေရိကန်၊ ဗြိတိန်နှင့် အခြားနိုင်ငံအချို့၏ နိုင်ငံရေး အကျပ်ကိုင်မှုများကြောင့်မြန်မာနိုင်ငံ၌ အနုတ်လက္ခဏာ ရိုက်ခတ်မှုများဖြစ်ပေါ်လာပုံ၊ စီးပွားရေးသပိတ်မှောက်မည်ဟူသော ခြောက်လှန့်မှုများ၊ ဗီဇာကန့်သတ် ချုပ်ချယ်မှုများကြောင့် မြန်မာနိုင်ငံသို့ ငွေကြေးစီးဝင်မှုများထိခိုက်ရပုံ၊ ယင်းသို့သော အနုတ်လက္ခဏာများဖြစ်ပွားလာအောင် တမင်ဖိအားပေးနေသည့် နိုင်ငံများအနေဖြင့် သတိထားသင့်သောအချက်တစ်ရပ်မှာ ထိုအနုတ်လက္ခဏာများ၏ ရိုက်ခတ်မှုကြောင့် မူးယစ်ဆေးဝါး နှိမ်နင်းရေးကိစ္စနှင့် အစားထိုးဝင်ငွေရရှိရေး၊ အစားထိုးသီးနှံစိုက်ပျိုးရေး၊ မွေးမြူရေး စသည်များပါ ထိခိုက်လာနိုင်သည်ဟူသော အချက်တစ်ရပ်ဖြစ်ပုံတို့ကို အကွက်ကျကျ သုံးသပ်တင်ပြရင်း–

"နိုင်ငံတစ်နိုင်ငံကို အဆက်အဆံမရှိ ကြဉ်ထားခြင်းဖြင့် ထိုနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး မတည်ငြိမ်နိုင်ပေ။ ထိုမှတစ်ဆင့် ဒီမိုကရေစီ ဖြစ်ထွန်းရေးအတွက်ပါ အနှောင့်အယှက်ဖြစ်နိုင်သည်ကို ဝေးရပ်မြေမှ ဒီမိုကရေစီ ခေါင်းလောင်းထိုးကာ ဒီမိုကရေစီ လေသံပစ်နေသော နိုင်ငံများ သတိချပ်သင့်ပေသည်"ဟူ၍ ရှင်းလင်းစွာ သတိပေးသည့်အပြင် ဤသို့ပါ ထပ်ဆင့်သတိပေးထားလေ၏။

"တစ်ဖက်သတ် အရှိန်အဝါပြ ခြိမ်းခြောက်နေခြင်းဖြင့် ဒီမိုကရေစီ မဖြစ်ထွန်းနိုင်ပါ"

(ဂ)

Mr. Friedhelm Ost က ကမ္ဘာ့နိုင်ငံကြီးများအား ဤသို့ သုံးသပ်ထားလေ၏။

"ကမ္ဘာ့နိုင်ငံကြီးများသည် နိုင်ငံငယ်လေးများအပေါ် ဖိအားပေးနေကြသော်လည်း မိမိတို့ နိုင်ငံကြီးများတွင် ဖြစ်ပေါ်နေသည့် ပြဿနာများကို မမြင်ဟန်၊ မကြားဟန် ပြုနေကြပါသည်"

"စံနှုန်းနှစ်မျိုးထား ကျင့်သုံးသည်၊ သို့မဟုတ် အမြင်ကျဉ်းသည်"

"ထိုအပြုအမူသည် မမျှတသော အပြုအမူဖြစ်သည်"

"ကိုလိုနီခေတ်က လန်ဒန်၊ ပါရီ၊ မဒရစ်နှင့် အခြားစိုးမိုးသူများသည် လက်အောက်ခံ ကိုလိုနီနိုင်ငံများအပေါ် ဘာလုပ်၊ ဘာကိုင်ဟူ၍ လမ်းညွှန်အမိန့်ပေး ကြိုးကိုင်ခဲ့ကြပြီး ယခုအခါ ထိုခေတ်ထိုသမယအပြီးတိုင် အဆုံးသတ်(ချုပ်ငြိမ်း)သွားခဲ့ပါပြီ"

ထို့နောက် မြန်မာနိုင်ငံကို ကမ္ဘာက မည်သို့ဆက်ဆံသင့်ကြောင်း ကမ္ဘာသို့ အကြံပြုသွား၏။

"ကျွန်တော့်အနေနဲ့ကတော့ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံကို ကမ္ဘာ့အသိုင်းအဝိုင်းက ဆက်ဆံရာမှာ မျှမျှတတ ဆက်ဆံသင့်တယ်လို့ ယုံကြည်ပါတယ်"

"မြန်မာ့ပြဿနာများနဲ့ မြန်မာ့တိုးတက်ဖြစ်ထွန်းမှုများကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်သင့်တယ်လို့ မြင်ပါတယ်။ သို့မှသာ အပြုသဘောဆောင်တဲ့ တွေ့ဆုံဆွေးနွေးမှုကို လမ်းဖွင့်ပေးရာရောက်မှာပါ။ ဒီကတစ်ဆင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ ကဏ္ဍသစ်ဆီ တက်လှမ်းနိုင်မှာဖြစ်ပါတယ်"

"သပိတ်မှောက်မည်၊ ပိတ်ဆို့မည်ဟု ခြိမ်းခြောက်ခြင်း၊ တိုက်ခိုက်ခြင်း၊ ဆန္ဒပြခြင်း၊ သတင်းမီဒီယာများမှတစ်ဆင့် လူသိရှင်ကြား ပြုလုပ်ကြခြင်းဖြင့် ယုံကြည်မှုကို တည်ဆောက်၍ မရစကောင်းပေ"

"တော်လှန်ရေးအသွင်ဖြင့် ပြောင်းလဲရခြင်းထက် တဖြည်းဖြည်း ပြောင်းလဲမှုဖြစ်စဉ်က ပိုကောင်းသည်။ ထိုကိစ္စသည် လူ့အခွင့်အရေးနှင့် ပတ်သက်လာလျှင် ပို၍ပင် မှန်ကန်နေသည်"

"မြန်မာနိုင်ငံအဖို့ တည်ငြိမ်ပြီး စေ့စပ်စိတ်ရှည်စွာဖြင့် အေးချမ်းသော တရွေ့ရွေ့ဖြစ်စဉ်အတိုင်း ပြောင်းလဲနိုင်ပါမှ ဒီမိုကရေစီလမ်းကြောင်းပေါ် အရောက်တက်လှမ်းနိုင်မည်"

"ဒီမိုကရေစီမှ ဒီမိုကရေစီဟုဆိုပြီး ဖိအားပေးနေသူများသည် သမိုင်းကြောင်း အဖြစ်အပျက်များကို မျက်စိလျှမ်းနေကြသည်"

"ပီပြင်သော ဒီမိုကရေစီကို ဥရောပနိုင်ငံများ၌ လည်းကောင်း၊ အမေရိကန်နိုင်ငံများ၌လည်းကောင်း တစ်မဟုတ်ချင်း ရောက်ခဲ့ကြသည် မဟုတ်ပါ။ ရုရှားတွင် လည်းကောင်း၊ တရုတ်တွင် လည်းကောင်း ရောက်နိုင်မည်မဟုတ်သလို ကမ္ဘာ့မည်သည့်နိုင်ငံမှာမှလည်း ရောက်နိုင်မည်မဟုတ်ပါ"

ထို့နောက် ကမ္ဘာ့နိုင်ငံများအားလုံးအတွက် လမ်းညွှန်သဘောတရား တစ်ရပ်ကို ဤသို့ချမှတ်ပြသွား၏။

"မြန်မာနိုင်ငံအစိုးရအား ခြိမ်းခြောက်ခြင်း၊ အလွန်အမင်း တောင်းဆိုခြင်း၊ ဖိအားပေးခြင်း၊ ဆရာကြီးလုပ်ညွှန်ကြားခြင်းများကို ရှောင်ရှားပြီး ဆောင်ရွက်မှသာ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးနှင့် အပြုသဘောဆောင်သော အောင်မြင်ဖြစ်ထွန်းမှုများ ပေါ်ပေါက်လာမည် ဖြစ်ပါသည်"

(ဃ)

မြတ်ဗုဒ္ဓဟောကြားခဲ့သည့် အင်္ဂါရပ်ခုနစ်ထွေနှင့် ကလျာဏမိတ်ဆွေကြီး ဖြစ်ပါသော Mr. Friedhelm Ostက မြန်မာနိုင်ငံအပေါ် မိတ်စစ်ဆွေကောင်း ပီသစွာ အပြုဝါဒီ၊ အမှန်ဝါဒီ၊ အကောင်းဝါဒီအဖြစ် ရှုမြင်သုံးသပ်တင်ပြပြီးနောက် ဤသို့ နိဂုံးချုပ် ဆုမွန်ကောင်း တောင်းလေ၏။

မြန်မာနိုင်ငံနှင့် ပြည်သူများ အနာဂတ် သာယာပါစေ၊
ပြည်တွင်း ငြိမ်းချမ်းပါစေ၊
ပြည်ပဆက်ဆံမှု ချောမွေ့ပါစေ။

မြန်မာ့ကလျာဏ မိတ်ဆွေကြီး၏ ဆုတောင်းပတ္ထနာကို မြန်မာနိုင်ငံနှင့် ပြည်သူများက ဝမ်းမြောက် ဝမ်းသာ ခံယူကြပါမည်။ ထို့ပြင် အတ္တာဟိအတ္တနော နာထော=မိမိသည်သာ မိမိ၏ အားကိုးရာဟု ဗုဒ္ဓအလိုတော်ကျ ခံယူစွဲပိုက်ထားကြသည့် နိုင်ငံတော်နှင့် ပြည်သူများအဖို့ အနာဂတ်သာယာလှပစေရေးအတွက် ကိုယ့်အားကိုယ်ကိုး နိုးနိုးကြားကြား ကြိုးကြိုးစားစား ကျင့်ပွားနေကြပါမည်။ ပြည်တွင်း ငြိမ်းချမ်းမှုကိုလည်း တန်ဖိုးထား လေးစားထက်သန် အပျက်မခံ စောင့်ရှောက်နေကြပါမည်။ ထို့ပြင်-----

ထို့ပြင်-----

ပြည်ပဆက်ဆံမှု ချောမွေ့စေရေးအတွက် မိမိဘက်မှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီး ငါးချက်အတိုင်း မပျက်မကွက် မိတ်ဖက်ပီသစွာ ချစ်ချစ်ကြည်ကြည် ဆက်ဆံမြဲ ဆက်ဆံနေသည်ဖြစ်ရာ တစ်ဖက်သော တိုင်းနိုင်ငံများရှိ ထိုထိုပုဂ္ဂိုလ်ကြီးများဘက်ကသာ မိတ်ဖက်သိသမှု၊ အင်္ဂါရပ်ခုနစ်ထွေနှင့် ကလျာဏမိတ်ဆွေ စစ်ဖြစ်မှု အထူးလိုအပ်နေပါသဖြင့် ထိုလိုအပ်ချက် ပြည့်မီလာသော တစ်နေ့ဝယ်ပြည်ပဆက်ဆံမှု အလုံးစုံချောမွေ့လာမည် ဖြစ်ပါသည်။ ထို့ကြောင့်......

ထိုမှန်ကန်သော အကြောင်းပြချက်ကြောင့် ပြည်ပဆက်ဆံမှု ချောမွေ့စေရေးအတွက် တစ်ဖက်သော တိုင်းပြည်များ၊ နိုင်ငံကြီးများအဖို့ မိတ်ဖက်ပီသကြပါစေ၊ အင်္ဂါရပ်ခုနစ်ထွေနှင့် ကလျာဏမိတ်ဆွေစစ်စစ် ဖြစ်ကြပါစေဟု ဤဆောင်းပါးဖြင့် ထပ်ဆင့်ပတ္ထနာပြုအပ်ပါသတည်း။ ။

သိရီမင်္ဂလာမဟာစည်ရိပ်သာ ၁၀ ရက် အထူးတရားစခန်းပွဲဖွင့်မည်

ရန်ကုန် ဇူလိုင် ၉

သာသနာတော်နှစ် ၂၅၄၇ ခုနှစ် ကောဇာသက္ကရာဇ် ၁၃၆၅ခုနှစ် ရန်ကုန်မြို့ ဒဂုံမြို့သစ် မြောက်ပိုင်း ၅၁ ရပ်ကွက် မြဝတီမင်းကြီး ၁ လမ်း သိရီမင်္ဂလာမဟာစည်ရိပ်သာ၌ ဇူလိုင်၁၃ရက် (ဝါဆိုလပြည့်နေ့)မှစ၍ ဇူလိုင်၂၃ရက် (ဝါဆိုလပြည့်ကျော်၁၀ရက်)အထိ ဆဋ္ဌသင်္ဂါယနာ တိပိဋကပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယ နည်းအတိုင်း မဟာစည်နယ်လှည့်ဓမ္မကထိက တွံတေးအရှင်ဣန္ဒကနှင့် တပည့်များက ဝါတွင်းအထူး ၁၀ ရက် တရားစခန်းပွဲ ဖွင့်လှစ်မည်ဖြစ်၍ တရားစခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အကျိုးဆောင်အဖွဲ့ ဖုန်း-၅၈၀၄၅၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

☆ **ရွှေဖုံးမှ**

မြန်မာနိုင်ငံတော်ကြီး ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ထွန်းတောက်ခဲ့သည့် တစ်ချိန်သောခေတ်ကာလက မြန်မာဘုရင်မင်းများ ထီးနန်းစိုက်ရာ နေပြည်တော်ကြီးလည်းဖြစ်ပြီး သမိုင်းအစဉ်အလာ လွန်စွာကြီးမားသည့် မြို့တော်ကြီးဖြစ်ကြောင်း။

တစ်ပြေးညီဖွံ့ဖြိုးရေး

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် သမိုင်းအစဉ်အလာကြီးမားပြီး မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည့် မန္တလေးမြို့တော်ကို ရန်ကုန်မြို့တော်နှင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မန္တလေးမြို့တော်ဝန် ဦးဆောင်သည့် မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းပြီး နိုင်ငံတော်အကြီးအကဲလည်းဖြစ်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ တိုက်ရိုက်စီမံခန့်ခွဲမှုအောက်တွင်ထားရှိကာ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

လမ်းညွှန်ထား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း မန္တလေးမြို့တော်ကို ဘက်စုံကဏ္ဍစုံတွင် ရန်ကုန်မြို့တော်နှင့်တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းစေရေးအတွက်စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရ နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ပြီးနောက် ၁၉၈၉ ခုနှစ်ခန့်ကပင် စတင်ပြီး ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်အောင် မြို့ပြစီမံကိန်းများ ချမှတ်ပြီး မြို့တော်အတွင်း ရပ်ကွက်များသန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့်ညီညွတ်အောင် အဆင့်မြင့် တည်ဆောက်မှုများ၊ အိုးပိုင်အိမ်ပိုင်မရှိသေးသူများအတွက် မြို့သစ်များတိုးချဲ့တည်ဆောက် နေရာချထားပေးမှုများ၊ မြို့တော်အတွင်း အဆင့်မြင့်အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် မန္တလေးမြို့တော်တွင်လည်း အလားတူ အတိုင်းအတာတစ်ခုအထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

မန္တလေးနည်းပညာတက္ကသိုလ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မန္တလေးမြို့ရှိ ယဉ်ကျေးမှုတက္ကသိုလ် အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းသို့ မန္တလေးမြို့တော်ကို ခေတ်မီမြို့တော်ကြီးတစ်ခု၏ အင်္ဂါရပ်များနှင့်ညီညွတ်စေရန် စီမံဆောင်ရွက်ခဲ့သည်နှင့် တစ်ပြိုင်နက်တည်းမှာပင် မန္တလေးမြို့တော်၏ ယဉ်ကျေးမှုအမွေအနှစ် သမိုင်းဝင်သာသနိက အဆောက်အအုံများနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ ရှေးမူမပျက် ပြုပြင်မွမ်းမံ ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်းကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

ရှေးမြန်မာမင်းများထီးနန်းစိုက်ရာ မြနန်းစံကျော် ရွှေနန်းတော်ကြီး ရှေးမူမပျက် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို ၁၉၈၉ခုနှစ်ကပင် စတင်ဆောင်ရွက်ခဲ့ကြောင်း။

နန်းဆောင်ပေါင်း ၈၉ဆောင်ပါဝင်သည့် မြနန်းစံကျော်ရွှေနန်းတော်ကြီး တည်ဆောက်ရေး လုပ်ငန်းများမှာ ထုထည်ပမာဏကြီးမားပြီး အခက်အခဲအမျိုးမျိုး၊ ဝေဖန်ပြစ်တင်မှု အမျိုးမျိုးကြားမှ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် မိမိတို့ပြည်တွင်းတွင်ရှိသည့် ခနအင်အား၊ ပစ္စည်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကိုယ့်မင်းကိုယ့်ချင်းနေထိုင်လာခဲ့သည့် မြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့ပါးချိန်တွင် ဆားပယောဂများ ပူးကပ်ဝင်ရောက်ပြီး ကိုလိုနီနယ်ချဲ့တို့၏ အလွယ်တကူ သိမ်းပိုက်မှုကို ခံခဲ့ရကာ သူ့ကျွန်ဘဝ ရောက်ခဲ့ရကြောင်း။

ထိုသို့ သူ့ကျွန်ဘဝရောက်ခဲ့စဉ် ကိုယ့်မင်းကိုယ့်ချင်းဘဝက နိုင်ငံတော်အချုပ်အခြာအာဏာ၏ အထိမ်းအမှတ်ဖြစ်သည့်အပြင်မြန်မာလူမျိုးတို့ အထွဋ်အမြတ်ထားခဲ့သော မြေနန်းပြာသာဒ် ရွှေနန်းတော်ကြီးမှာ ကိုလိုနီနယ်ချဲ့တို့၏ ရုံးခန်းအဖြစ် နိမ့်ချျာလျော့ကျခဲ့ရသည့်အပြင် ဒုတိယကမ္ဘာစစ်ကာလအတွင်း ကိုလိုနီနယ်ချဲ့တို့ကြောင့် မီးလောင်ပျက်စီးခဲ့ရကြောင်း။

ဇာတိမာန်နိုးကြားရန်

သို့ဖြစ်၍ မျိုးဆက်သစ်လူငယ်များအနေဖြင့် မြနန်းစံကျော်ရွှေနန်းတော်ကြီးကို ရှေးမူမပျက် ပြန်လည်တွေ့မြင်ရခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားတောင့်တင်းခိုင်မာပြီး ယဉ်ကျေးမှုအဆင့်အတန်း မြင့်မြင့်မားမားဖြင့် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေထိုင်နိုင်ခဲ့သော ဘဝကို ကိုယ်တွေ့သိမြင်နားလည်နိုင်စေပြီး မျိုးချစ်စိတ်ဓာတ် ဇာတိသွေး ဇာတိမာန်စိတ်ဓာတ်တို့ ပြန်လည်ထက်သန်နိုးကြားလာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် သာသနိကအဆောက်အအုံများစွာကိုလည်း ရှေးမူမပျက်ထိန်းသိမ်းမွမ်းမံ တည်ဆောက်ပေးခဲ့ကြောင်း၊ ယိုယွင်းပျက်စီးနေပြီဖြစ်သော မဟာအတုလဝေယံ(အတုမရှိ) ကျောင်းတော်ကြီး၊ အမရပူရမြို့ရှိ အုတ်ခုံလှေကားမှုသာ ကျန်ရှိတော့သော မဟာဝေယံဘုံသာ ဗားကရာကျောင်းတော်ကြီးတို့ကို ရှေးမူမပျက်တင့်တင့်တယ်တယ် ပြန်လည် ပေါ်ထွန်းလာစေရအောင် မြန်မာ့ရိုးရာ ဗိသုကာပညာ၊ အနုပညာလက်ရာများနှင့် ခေတ်ပေါ်အင်ဂျင်နီယာပညာများ ပေါင်းစပ်ပြီး ရေရှည်တည်တံ့အောင် ပြုပြင်မွမ်းမံ တည်ဆောက်ပေးခဲ့ကြောင်း၊ မဟာဝေယံဘုံသာ ဗားကရာကျောင်းတော်ကြီးတွင် ရှေးဟောင်းယဉ်ကျေးမှုပြတိုက်ကိုပါ တည်ဆောက်ဖွင့်လှစ်ထားခဲ့ရာ ပြည်တွင်းပြည်ပမှ သုတေသီများ၊ ပညာရှင်များ လေ့လာဆည်းပူးနိုင်စေပြီ ဖြစ်ကြောင်း။

ကျောက်စာများထိန်းသိမ်း

မန္တလေးတောင်ခြေရှိ စန္ဒာမုနိဘုရားအတွင်း ကျောက်စာများ ပြုပြင်မွမ်းမံခြင်း၊ ကျောက်စာရုံ ဓမ္မစေတီများ ပြန်လည်တည်ဆောက်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော စာအုပ်ကြီးဟု ကျော်ကြားသော ကုသိုလ်တော်ဘုရားဝင်းအတွင်းရှိ ပိဋကတ်သုံးပုံကျောက်စာများကိုလည်း ပြုပြင်မွမ်းမံ ထိန်းသိမ်းစောင့်ရှောက်ထားလျက် ရှိနေကြောင်း။ ထို့ပြင် ရှေးဟောင်းမြန်မာ့မှုလက်ရာများ ပြည့်လျှမ်းနေသည့် ရွှေကျောင်းတော်ကြီး ယိုယွင်းပျက်စီးနေသည်ကိုလည်း ရှေးမူမပျက်ပြုပြင်တည်ဆောက်ပေးပြီးဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိကြောင်း။

အသစ်တည်ဆောက်

အလားတူပင် ယောမင်းကြီးအုတ်ကျောင်း၊ကင်းဝန်မင်းကြီး၏ သာကဝန်ကျောင်းများ ပြုပြင်မွမ်းမံထိန်းသိမ်းလျက်ရှိသည့်အပြင် မန္တလေးတောင်ခြေရှိ ရွှေကျင်ကျောင်းတိုက်ကြီး ပျက်စီးယိုယွင်းနေသဖြင့် အသစ်ပြန်လည် တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်အရ စွယ်တော်စေတီမြတ်တစ်ဆူကို ရန်ကုန်မြို့တော်နှင့် အလားတူ မန္တလေးမြို့တော်၌လည်း တည်ထားပေးခဲ့ရာ ဗဟန်းရှင်လူပြည်သူအများ ကြည်ညိုပူဇော် ကောင်းမှုပြုနိုင်နေပြီ လည်းဖြစ်ကြောင်း။

မကြာသေးမီကာလကပင် နိုင်ငံတော်အစိုးရနှင့် ပြည်သူအများ လက်တွဲပူးပေါင်းပြီး မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တော်ကြီးတွင် ရွှေထီးတော်သစ်တင်လှူပူဇော်နိုင်ခဲ့ပြီး ဖြစ်ကြောင်း။

အမျိုးသားဇာတ်ရုံ

ထို့အတူ ယဉ်ကျေးမှုကဏ္ဍ၌ ရန်ကုန်မြို့တော်ရှိ နိုင်ငံတကာအဆင့်မီ အမျိုးသားဇာတ်ရုံကြီးနှင့် အလားတူ အမျိုးသားဇာတ်ရုံကြီးတစ်ခုကို အထက်မြန်မာနိုင်ငံအတွက်ရည်စူးပြီး မန္တလေးမြို့တော်၌ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

စေတနာရှေ့ထား

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ အကျိုးစီးပွား၊ အများပြည်သူတို့၏ အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေးမျှော်မှန်းပြီး ပညာရေး ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို စေတနာရှေ့ထားလျက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစိုက်မတ်မတ်ကြိုးစားဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးအတွက် ဆောင်ရွက်ပေးဖွယ် လုပ်ငန်းများစွာကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့၊ ဆောင်ရွက်ပေးဆဲဖြစ်ကြောင်း။

မန္တလေးမြို့ရှိ ဆေးဘက်ပညာသည် တက္ကသိုလ် အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

အထူးကုဆေးရုံကြီးများ

ကျန်းမာရေးကဏ္ဍတွင် မန္တလေးမြို့တော်၌ ရန်ကုန်မြို့နှင့်တစ်ပြေးညီ အထူးကု ဆေးရုံကြီးများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ရောဂါရှာဖွေရေး၊ ကုသရေးတို့၌ ရန်ကုန်မြို့တော်နှင့် တန်းတူဖြစ်စေရေး ဖြည့်ဆည်းဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ခဲ့သည်နှင့်အညီ အထူးကုဆေးရုံကြီးများအပြင် ဆေးရုံကြီးများ၌ အထူးကုဘာသာရပ်များ စုံလင်စေရေး၊ အထူးကုပါရဂူကြီးများနှင့် ခေတ်မီရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံး ပစ္စည်းကိရိယာများ ဖြည့်တင်းပေးမှုများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက် ရှိနေကြောင်း။



စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ (၆)

မောင်ရင်မှိုင်း

ဘုရားလည်း မစေကွယ်၊ သိကြားလည်း မစေကွယ်

"အန်တီစု"ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ အင်းတော်မြို့ကို အဝင် ကြုံခဲ့ရတဲ့မြင်ကွင်းဟာ ရှေ့ဆက်ကြမယ့် ကျွန်တော်တို့ ခရီးစဉ် တစ်လျှောက် စိတ်မဖြောင့်စရာတွေရဲ့ နိဒါန်းဆိုတာကို ကျွန်တော်သဘောပေါက်လိုက်ပြီ။

နောက်ထပ်ထူးခြားချက်တစ်ခုက ဒေသခံအင်အား အတော်များများနဲ့ မြို့ခံ"အင်န်အယ်လ်ဒီ" ပါတီဝင်အင်အားအချို့ဟာ ဘယ်အချိန်လောက်ကတည်းကစပြီး အုပ်စုဖွဲ့ ရန်စောင့်နေကြတာလည်းမသိဘူး၊ အပြန်အလှန် အော်ဟစ်ရှုတ်ချမှုတွေ လုပ်နေကြတယ်။

အဲဒီမြင်ကွင်းကို မြင်သွားတဲ့ "အန်တီစု"ဟာ ကားကို ပြန်လှည့်လိုက်ပြီး ဒေသခံလူထုကို "ပြည်သူတွေဒေါသမကြီးကြပါနဲ့၊ ငြေလည်အောင်ဖြေရှင်းကြပါ၊ ပြည်သူတွေ စိတ်အေးအေးထားကြပါ၊ ဒီမိုကရေစီရရှိရင်လည်း အတိုက်အခံလုပ်တဲ့ အဖွဲ့အစည်းတွေလည်း ဒီမိုကရေစီတန်းတူအခွင့်အရေးရမှာ ဖြစ်ပါတယ်"လို့ အလျော်အစားလေးထည့်ပြီး ဖျောင်းဖျပြောဆိုခဲ့ပါတယ်။

"အန်တီစု"က ကြားဝင်ငြေလည်ရာငြေလည်ကြောင်း ပြောလိုက်တာကို ဒေသခံလူထုက နားဝင်လက်ခံသွားပုံရတယ်၊ မကြာခင်မှာဘဲ မြို့ပတ်လမ်းအတိုင်း အရှေ့ဘက်ကို ထွက်သွားတာ တွေ့လိုက်ရတယ်၊ တစ်ယောက်စ နှစ်ယောက်စကတော့ ထုံးစံအတိုင်း ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊ ပြည်ပအားကိုးအလိုမရှိ ဘာညာနဲ့ အော်သွားတာမျိုးတော့ ရှိတာပေါ့လေ။

အဲဒီမှာတင် မြို့ခံအင်န်အယ်လ်ဒီပါတီဝင်တွေက မာန်တက်ပြီး ဆဲလား၊ ဆိုလားတွေလုပ်ရင်း အုတ်ခဲကျိုးတွေ၊ ခဲလုံးတွေနဲ့ နောက်ကနေ အုပ်စုဖွဲ့ လိုက်ပေါက်ပါလေရော၊ နောက်ပိုင်းကြားရတဲ့သတင်းတွေအရ အဲဒီဖြစ်စဉ်မှာ ကျွန်တော်တို့ အင်န်အယ်လ်ဒီအဖွဲ့ရဲ့ အကြမ်းဖက်ပစ်ပေါက်တိုက်ခိုက်မှုကြောင့် ဒေသခံတွေဘက်က လူငါးယောက် ဒဏ်ရာရရှိသွားတယ်တဲ့၊ ခေါင်းပေါက်လို့ လေးချက်ချုပ်ရတဲ့သူ၊ နောက်ကျောကုန်းတွေ ပွန်းပဲ့စုတ်ပြတ်သွားတဲ့သူ၊ မျက်ခုံးတွေ ဖူးရောင်ပေါက်ပြဲသွားတဲ့သူ၊ ရင်ဘတ်နဲ့ ခြေထောက်တွေခဲထိမှန်ပြီး အတွင်းကြေ ကြေသွားတဲ့သူ၊ ညှပ်ရိုးတွေထိပြီး အတွင်းကြေကြေသွားတဲ့သူတွေရှိခဲ့တယ်လို့ သိလိုက်ရတယ်။

တော်တော် စဉ်းစားဉာဏ် မရှိတဲ့ကောင်တွေ။ မြို့ခံ "အင်န်အယ်လ်ဒီ"ပါတီဝင်တွေကို ပြောပါတယ်။ စဉ်းစားကြည့်လေ။ "အန်တီစု"ရောက်လာတာနဲ့ ဒီကောင်တွေ ချိုကြွနေတာ။ "အန်တီစု"ပြန်သွားပြီးရင် နောက်ဆက်တွဲ ပြဿနာတွေ ဖြစ်လာကြဦးမှာ သေချာတယ်။

ကျွန်တော်တို့အဖွဲ့ စတည်းချမယ့် ဦးစောလှိုင်တို့ အိမ်ကို ရောက်တော့ ညသုံးနာရီကျော်နေပြီ။ အပြင်မှာတော့ မြို့ခံပါတီဝင်တွေနဲ့ အခြားလာရောက်စုဝေးကြည့်ရှုကြတဲ့အဖွဲ့တွေ စုစုဝေးဝေး ဖြစ်နေကြတယ်။လူအုံလာပြီဟေ့ဆိုတာနဲ့ "အန်တီစု"က ထုံးစံအတိုင်း ဟောခြင်း၊ ပြောခြင်း အလုပ်တွေစပြီ။ လူငယ်အဖွဲ့ဖွဲ့စည်းရေးဆိုင်ရာတွေနဲ့ အခြား ပါတီကိစ္စ ဆွေးနွေးမှုတွေကိုတော့ ညသုံးနာရီကျော်မှ လုပ်ဖြစ်တယ်။

ကျွန်တော်အဲဒီညက ကောင်းကောင်းအိပ်မပျော်ခဲ့ဘူး။ ငါတို့အဖွဲ့ခရီးစဉ်က စည်းရုံးရေးခရီးစဉ် မဟုတ်တော့ဘဲ ပြဿနာတွေ၊ ပဋိပက္ခတွေကြားထဲကို တစ်ရက်ပြီးတစ်ရက် တိုးဝင်သလိုများ ဖြစ်နေပြီလားဆိုတဲ့ အတွေးတွေက လွှမ်းမိုးနေတယ်။

မေလ ၁၁ ရက်။

မူလအစကတော့ ကသာမြို့ကို ခပ်စောစော ထွက်ဖို့ပါပဲ။ ဒါပေမယ့်"အန်တီစု"စီးတဲ့ဟိုင်းလတ်ကားက ဘယ်ဘက်နောက်လေးကျိုးနေတာကြောင့် ပြင်တာကိုစောင့်ရင်း နေမြင့်လာခဲ့တယ်။

၁၁-၅-၂၀၀၃ရက်နေ့ ဒေါ်စုကြည်ကို မလိုလားမထောက်ခံသူများနှင့် ဒေါ်စုကြည် ယာဉ်တန်းပေါ်ပါ အဖွဲ့ဝင်များ ကသာမြို့အဝင်တွင် အပြန်အလှန်အော်ဟစ်နေကြစဉ်။

ကသာကို မွန်းတည့်ချိန်မှထွက်ဖြစ်ခဲ့တယ်ဆိုပါတော့။ မွန်းလွဲ ၂နာရီလောက်မှာ ကျွန်တော်တို့အဖွဲ့ ကသာမြို့ကို ဝင်တယ်။ ကျွန်တော်တို့ကို လာကြိုတဲ့အဖွဲ့ရှိသလို မြေစိုက်ဆိုင်းဘုတ်ငယ်တွေနဲ့ "ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ" ဆိုတဲ့ စာတန်းတွေကလည်း အစီအရီပါပဲ။ အဲဒါကို ကျွန်တော်တို့အဖွဲ့က မှတ်တမ်းတင်ဗီဒီယို ရိုက်ကူးယူခဲ့ပါတယ်။

အဲဒီကနေ မြို့အဝင်ဂိတ်ကိုလည်းကျော်ရော ကျွန်တော်တို့ အလာကို ရပ်စောင့်နေတဲ့ လူ ၁၅၀ လောက်ကို တွေ့လိုက်ရတယ်။ လက်ထဲမှာလည်း စာတန်းပါ ဆိုင်းဘုတ်တွေနဲ့။ လမ်းဘေးသစ်ပင်တွေမှာလည်း စာတန်းပါစက္ကူတွေကို ကပ်ထားပြန်သေးတယ်။ အဲဒီအဖွဲ့ဝင်တွေကလည်း လမ်းဘေး ဝဲ/ယာမှာ အပြည့်ဖြန့်ကြက်ထားတယ်။

တွေ့ကြပြီ။

ကျွန်တော်တို့ယာဉ်တန်းမှာပါတဲ့ သူတွေကလည်း ကားပေါ်က အလျှိုလျှိုခုန်ဆင်း တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် အော်ကြဟစ်ကြပေါ့။ "အန်တီစု"က ကားပေါ်မှာ အေးဆေးပဲ။ ဘေးမှာကလည်း ဝိုင်းအုံကြည့်နေတဲ့ ပရိသတ်တွေက တဖြည်းဖြည်းများလာပြန်တယ်။ ဒီလူအုပ်သာ ရှုပ်ရှုပ်ထွေးထွေးဖြစ်လို့ကတော့ ဘယ်သူတွေ ဘယ်လိုဆွမ်းကြီးအလောင်းခံရမလဲ မသိဘူး။ နှစ်ဖက် တင်းမာမှုကလည်း အချိန်ကြာလာတာနဲ့အမျှ စိုးရိမ်ရေအမှတ်နား

> **ဒေါ်စုကြည်၏ ခရီးစဉ်တစ်လျှောက် ရောက်လေရာအရပ် အုတ်အော်သောင်းတင်း ဖြစ်အောင် နယ်တကာမှ လမ်းကြုံလိုက်လာသော ပါတီဝင်များက စည်းမဲ့ကမ်းမဲ့ ကုန်တင်ယာဉ် ခေါင်မိုးထက် စီးနင်းလိုက်ပါ၍ ကြွေးကြော်ပေးအော်ဟစ်ကာ မြို့ရွာများအတွင်းသို့ ဦးဆောင်ဖြတ်သန်း ဝင်ရောက်ခဲ့သည့်အတွက် လမ်းဘေး ဝဲ/ယာ တစ်လျှောက် လူစုလူဝေးများ ဖြစ်လာခဲ့၏။**
>
> **(၁၁-၅-၂၀၀၃ ရက်နေ့ ကသာမြို့တွင်းသို့ ဒေါ်စုကြည် ယာဉ်တန်း ရှေ့ဆုံးမှ ဟီးနိုးယာဉ် ဝင်ရောက်လာစဉ်။)**

နီးလေလေ အခြေအနေမျိုး။"အန်တီစု"အတွက် ကျွန်တော်တို့ စိတ်ပူနေပြီ။ခက်တာက ကျွန်တော်တို့အထဲမှာက Body Guard ထဲက မင်းသားလို ပါးရည်နပ်ရည်ရှိပြီး သွက်လက်ချက်ချာတဲ့ ကောင် တစ်ကောင်မှပါတာမဟုတ်ဘူး။ တိုက်ပုံအင်္ကျီ လက်မောင်းဆွဲတင်၊ ပုဆိုးပြင်ဝတ်နေတာနဲ့တင် သူများဝင်ရိုက်လို့မှောက်လဲမယ့်ကောင်မျိုးတွေချည်းပဲ။

အဲဒီအချိန်မှာပဲ အခင်းဖြစ်ပွားတဲ့နေရာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဆိုသူ ဒုဗိုလ်မှူးကြီး

တစ်ဦးရောက်လာပြီး "အန်...
တွေကို ပြန်ကြဖို့ မေတ္တာရပ်ခံ...
အဲဒီလူအုပ်ကြားက တစ်ယော...
"အန်တီစု"အနေနဲ့ ဝန်းသိုမြို့...
တဲ့နေရာမှာ သူတို့ရဲ့ကြံ့ခိုင်...
ပုတ်ခတ် ထိုးနှက်ပြောဆိုခဲ့တ...
အခုလို ပြည်သူလူထုနဲ့အတူ...
အကြောင်း၊ ဒါ့အပြင် အင်းတေ...
တွေရဲ့ လက်ချက်ကြောင့် ဒ...
ကိုလည်း ဖြေရှင်းပေးဖို့ တော...
ဒါနဲ့ ခယကဥက္ကဋ္ဌခမှ...
ပြန်ကြားပေးနိုင်ဖို့အတွက် "...
ယာဉ်တန်းဘက်လှည့်ရပြန်တ...
မောင်မင်းကြီးသားအချို့က အ...
ဥက္ကဋ္ဌလည်း နည်းနည်းတော့...
"ဟေ့ကောင်တွေ ...
ခယကဥက္ကဋ္ဌပဲ။ မင်းတို့...
ငါသူပုန် မဟုတ်ဘူး။ မင်း...
မဟုတ်ဘူး။ ပြဿနာ...
လို့ စစ်သားပီပီ မာမာပြတ်...
နောက်ဆုတ်ပေးပြီးတွေ့ခွင့်ပေး...
ကို တွေ့ပြီး ဘာပြောသလဲဆ...
"အစ်မတို့အဖွဲ့ အေ...
စီးနင်းလုပ်လို့ မလိုလာ...
အခုလာတဲ့ လူတွေထဲမှာ...
အစ်မအနေနဲ့ ဝန်းသိုမြို့မှ...
ရေးအသင်းကို အသားလွ...
ဒါကိုမကျေနပ်လို့ လုပ်...
ဒါမျိုးတွေ မပြောဘူးလို့ ...
ပြန်ခေါ်သွားမယ်လို့ ပြော...
ဆောင်ရွက်ပေးပါ"တဲ့။
ကျွန်တော်တို့ တစ်တွေက...
စိတ်မြန်လက်မြန်နဲ့ ဆတ်ဆ...
တစ်ယောက် ခယကဥက္ကဋ္ဌ...
ဝုန်းခနဲဖွင့်၊ ကားပေါ်ကဆင်း...
ထဘီကို တိုတိုပြင်ဝတ်ပြီး "...
ပေးစရာမလိုဘူး၊ အခုဘာဖြ...
လူရိုက်ဖို့ နှစ်တစ်လက်မတုတ်...
ပြောလိုက်လို့ကတော့ ဒုက္ခပါ...
က ဘာပြန်ပြောသလဲဆိုတော့...

တစ်ဦးရောက်လာပြီး "အန်တီစု"ကို ဆန့်ကျင်ဆန္ဒပြတဲ့ အဖွဲ့တွေကို ပြန်ကြဖို့ မေတ္တာရပ်ခံသလိုလို ပြောသံကြား လိုက်ရတယ်။ အဲဒီလူအုပ်ကြားက တစ်ယောက်က ဘာပြန်တင်ပြသလဲဆိုတော့ "အန်တီစု"အနေနဲ့ ဝန်းသိုမြို့ကိုရောက်ခိုက် စည်းရုံးရေးဟောပြောတဲ့နေရာမှာ သူတို့ရဲ့ကြံ့ခိုင်ရေးအသင်းကို အသားလွတ်ဝေဖန်ပုတ်ခတ် ထိုးနှက်ပြောဆိုခဲ့တာကြောင့် အဲဒီကိစ္စကို မကျေနပ်လို့ အခုလို ပြည်သူလူထုနဲ့အတူ လာရောက်ဆန္ဒပြတာ ဖြစ်တဲ့အကြောင်း၊ ဒါ့အပြင် အင်းတော်မြို့မှာ"အင်န်အယ်လ်ဒီ" ပါတီဝင်တွေရဲ့ လက်ချက်ကြောင့် ဒဏ်ရာရသွားတဲ့ ရွာသားငါးဦးကိစ္စကိုလည်း ဖြေရှင်းပေးဖို့ တောင်းဆိုလာပါတယ်။

ဒါနဲ့ ခယကဥက္ကဋ္ဌမျာလည်း အဲဒီတောင်းဆိုချက်ကို ပြန်ကြားပေးနိုင်ဖို့အတွက် "အန်တီစု"နဲ့တွေ့ဖို့ ကျွန်တော်တို့ ယာဉ်တန်းဘက်လှည့်ရပြန်တယ်။ အဲဒါကို လုံခြုံရေးယူထားတဲ့ မောင်မင်းကြီးသားအချို့က အနားကပ်မခံဘူးလုပ်နေတော့ ခယကဥက္ကဋ္ဌလည်း နည်းနည်းတော့ တင်းသွားပုံရတယ်။

"ဟော့ကောင်တွေ ငါက ဒီနယ်မြေမှာတာဝန်အရှိဆုံး ခယကဥက္ကဋ္ဌပဲ။ မင်းတို့ခေါင်းဆောင်နဲ့ စကားပြောဖို့လာတာ၊ ငါသူပုန် မဟုတ်ဘူး။ မင်းတို့ ခေါင်းဆောင်ကို သတ်ဖို့လာတာ မဟုတ်ဘူး။ ပြဿနာတွေရှင်းပေးဖို့လာခဲ့တာ"

လို့ စစ်သားပီပီ မာမာပြတ်ပြတ် ပြောလာမှ ငနဲသားတွေက နောက်ဆုတ်ပေးပြီးတွေ့ခွင့်ပေးတယ်။ ခယကဥက္ကဋ္ဌက "အန်တီစု" ကို တွေ့ပြီး ဘာပြောသလဲဆိုတော့…

"အစ်မတို့အဖွဲ့ အောက်ခြေကလူတွေ အခုလို နိုင့်ထက်စီးနင်းလုပ်လို့ မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်နေတာ။ အခုလာတဲ့ လူတွေထဲမှာ ပါလာတဲ့သူတွေက ပြောတာတော့ အစ်မအနေနဲ့ ဝန်းသိုမြို့မှာ လူထုကိုစကားပြောတော့ ကြံ့ခိုင်ရေးအသင်းကို အသားလွတ် ပုတ်ခတ်တာတွေပါနေတယ်။ ဒါကိုမကျေနပ်လို့ လုပ်တာ။ နောက်နောင်ကို အစ်မအနေနဲ့ ဒါမျိုးတွေ မပြောဘူးလို့ ကတိပေးရင် သူတို့လူတွေကိုထိန်းပြီး ပြန်ခေါ်သွားမယ်လို့ ပြောတယ်။ အဲဒီကိစ္စကို အစ်မမျှမျှတတ ဆောင်ရွက်ပေးပါ"တဲ့။

ကျွန်တော်တို့ တစ်တွေကတော့ ရင်တမမနဲ့ပေါ့။ အင်မတန်စိတ်မြန်လက်မြန်နဲ့ ဆတ်ဆတ်ကြဲလုပ်တတ်တဲ့ "အန်တီစု" တစ်ယောက် ခယကဥက္ကဋ္ဌ စကားဆုံးတာနဲ့ ကားတံခါးကို ဝုန်းခနဲဖွင့်၊ ကားပေါ်ကဆင်း၊ အင်္ကျီလက်နှစ်ဖက်ကို ဆွဲတင်၊ ထဘီကို တိုတိုပြင်ဝတ်ပြီး "အို ရှုပ်ရှုပ်ယှက်ယှက်၊ ဘာကတိမှ ပေးစရာမလိုဘူး၊ အခုဘာဖြစ်ချင်လဲပြော၊ ကျွန်မကားပေါ်မှာ လူရိုက်ဖို့ နှစ်တစ်လက်မတုတ်တွေ အဆင်သင့်ပါတယ်" လို့များ ပြောလိုက်လို့ကတော့ ဒုက္ခပါပဲလို့ တွေးမိနေချိန်မှာ "အန်တီစု" က ဘာပြန်ပြောသလဲဆိုတော့…

တွေ့ကြပြီ။

ကျွန်တော်တို့ယာဉ်တန်းမှာပါတဲ့ သူတွေကလည်း ကားပေါ်က အလျှိုလျှို ခုန်ဆင်း တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် အော်ကြ ဟစ်ကြပေါ့။ "အန်တီစု"က ကားပေါ်မှာ အေးဆေးပဲ။ ဘေးမှာ ကလည်း ဝိုင်းအုံကြည့်နေတဲ့ ပရိသတ်တွေက တဖြည်းဖြည်း များလာပြန်တယ်။ ဒီလူအုပ်သာ ရှုပ်ရှုပ်ထွေးထွေးဖြစ်လို့ကတော့ ဘယ်သူတွေ ဘယ်လို ဆွမ်းကြီး အလောင်းခံရမလဲ မသိဘူး။ နှစ်ဖက် တင်းမာမှုကလည်း အချိန်ကြာလာတာနဲ့အမျှ စိုးရိမ်ရေအမှတ်နား နီးလေလေ အခြေအနေမျိုး။ "အန်တီစု"အတွက် ကျွန်တော်တို့ စိတ်ပူနေပြီ။

"ကောင်းပြီလေ၊ ကျွန်မတို့အဖွဲ့ကို လမ်းဖယ်ပေးပါ၊ ကျွန်မ လူတွေကို ကျွန်မပြန်ထိန်းပေးပါမယ်၊ ဒီမြို့မှာလည်း ကြံ့ခိုင်ရေးအသင်းကို ပုတ်ခတ်ပြောဖို့အစီအစဉ်မရှိပါဘူး"တဲ့။

တော်ပါသေးရဲ့၊ "အန်တီစု"တစ်ယောက် မီးစဉ်ကြည့်ကတတ်ပေလို့သာပေါ့၊ နို့မို့ဆိုလို့ကတော့ အပြေးကောင်း သုံးချက်ပဲ၊ ဒီလိုနဲ့ ခယကဥက္ကဋ္ဌ ကိုယ်တိုင်က ကြားဝင်ပြီး အခြေအနေတွေ တင်းမာရှုပ်ထွေးမှု မရှိအောင် စေ့စပ်ညှိနှိုင်းပေးခဲ့နိုင်တာကြောင့် ဆန္ဒပြနေသူတွေလည်းပြန်၊ ကျွန်တော်တို့အဖွဲ့လည်း ကိုယ့်ခရီး ကိုယ်ဆက်ကြပေါ့။

ညနေ ငါးနာရီထိုးခါနီးလောက်မှာ ကျွန်တော်တို့အဖွဲ့ ခရီးတစ်ထောက်နားမယ့် ကသာမြို့ အမှတ်(၆)ရပ်ကွက် နိဗ္ဗာန်လမ်း အဲဒီနောက် ထမင်းစား၊ ခဏတစ်ဖြုတ်နားပြီး ညရှစ်နာရီခွဲလောက်မှာ ကသာမြို့ကနေထွက်ပြီ။

ကျွန်တော်တို့အဖွဲ့တွေ ဖြတ်မယ်၊ "အန်တီစု" ပါလာမယ် ဆိုတဲ့သတင်းတွေ ကြိုတင်အသိပေးထားတာကြောင့် လမ်းခရီးတစ်လျှောက်က ရွာတွေမှာထွက်ကြည့်ကြတဲ့ သူတွေဟာ ညကြီးအချိန်မတော်အထိ ရှိနေပါတယ်။ "အန်တီစု"ကလည်း သိတဲ့အတိုင်းပဲ၊ လူအုပ်စုမြင်ပြီဟေ့ ဆိုတာနဲ့ ကားရပ်ပြီးဟောတော့ ပြောတော့တာပဲ။ ဒီကြားထဲ ညကြီးအချိန်မတော် တိုင်းရင်းသားဝတ်စုံ ဝတ်ထားတဲ့သူတွေက အမှတ်တရ ဓာတ်ပုံရိုက်ချင်လို့ လာပြောတော့လည်း မညည်းမညူ ရိုက်ပေးသေးရဲ့၊ ကျွန်တော် ပြောသားပဲ၊ ဓာတ်ပုံ အလုရိုက်တာကို ဝါသနာထုံပါတယ်လို့။

ဒေါ်စုကြည်၏ ခရီးစဉ်တစ်လျှောက် ရောက်လေရာအရပ် အုတ်အော်သောင်းတင်းဖြစ်အောင် နယ်တကာမှ လမ်းကြိုလိုက်လာသော ပါတီဝင်များက စည်းမဲ့ကမ်းမဲ့ ကုန်တင်ယာဉ် ခေါင်မိုးထက်စီးနင်းလိုက်ပါ၍ ကြွေးသံပေးအော်ဟစ်ကာ မြို့ရွာများအတွင်းသို့ ဦးဆောင်ဖြတ်သန်းဝင်ရောက်ခဲ့သည့်အတွက် လမ်းဘေး ဝဲ/ယာ တစ်လျှောက် လူစုလူဝေးများဖြစ်လာခဲ့၏။

(၁၁-၅-၂၀၀၃ ရက်နေ့ ကသာမြို့တွင်းသို့ ဒေါ်စုကြည်ယာဉ်တန်းဝင်ရောက်လာစဉ်။)

မှာရှိတဲ့ မြို့နယ် အင်န်အယ်လ်ဒီဥက္ကဋ္ဌ ဦးမြင့်ကြည်ရဲ့အိမ်ကို ရောက်ပါတယ်။ ခရီးရောက်မဆိုက်ဆိုသလိုပဲ "အန်တီစု" တစ်ယောက် ဦးမြင့်ကြည်ရဲ့ အိမ်အပေါ်ထပ်ကိုကပျာကယာတက်၊ ဝရန်တာကိုထွက်ပြီး မိုက္ကရိုဖုန်းတစ်လုံးနဲ့ ဝိုင်းအုံလာတဲ့ ပရိသတ်ကို ဒီမိုကရေစီအကြောင်းတွေ ပြောတော့တာပဲ၊ ကျွန်တော် သတိထားမိတာတစ်ခုက "အန်တီစု"တစ်ယောက် အရင့်အရင်နေ့တွေက လို ဟောတဲ့ပြောတဲ့အခါ ကြံ့ခိုင်ရေးအသင်းကို ထိပါးပုတ်ခတ်စွပ်စွဲတာတွေ တစ်လုံးတစ်ပါဒမှ ထည့်မပြောသွားဘူး၊ ဒီလို ပါးနပ်တာ၊ သူကတိ တည်တယ်ပဲထားပါတော့။

ဟောတာ ပြောတာတွေ ပြီးပြန်တော့ မြို့နယ် လူငယ်အဖွဲ့ဖွဲ့စည်းရေးအတွက် မြို့ခံပါတီဝင်တွေနဲ့ ပြောရဆိုရပြန်သေးတယ်။

လမ်းခရီးတစ်လျှောက် တအိအိနဲ့ ထွက်လာလိုက်ကြတာ နောက်တစ်နေ့မနက် သုံးနာရီခွဲလောက်ကျမှ မိုးညှင်းမြို့ကို ဝင်နိုင်ခဲ့တယ်။ ကျွန်တော်တို့အဖွဲ့စတည်းချခဲ့တဲ့အိမ်က နတ်ကြီးကုန်း(ဗမာပိုင်း)ရပ်ကွက်မှာရှိတဲ့ ကချင်ပြည်နယ် စည်းရုံးရေးအဖွဲ့ယာယီဒုဥက္ကဋ္ဌ ဦးဖေစိန်ရဲ့အိမ်။

မေလ ၁၂ ရက်။

"အန်တီစု"နဲ့လိုက်ပါလာကြတဲ့ ကျွန်တော်တို့အဖွဲ့တွေအားလုံး ညကြီးအချိန်မတော်ကျမှ ရောက်လာကြတာမို့ မနက်စောစော ဘယ်သူမှမထနိုင်ကြတော့ဘူး၊ "အန်တီစု"ကို ကြည့်ရတာလည်း ဟန်ကိုယ့်ဖို့ စကားအရ ခပ်တည်တည်သာ နေနေပေမယ့် သူ့အသက်အရွယ်အရပဲဖြစ်ဖြစ်၊ ခရီးကြမ်းခရီးပန်းလို့ပဲဖြစ်ဖြစ် သိပ်ပြီး လန်းလန်းဆန်းဆန်း မရှိလှဘူး။

အဲဒီနေ့က မနက် ၁၀ နာရီလောက်ကျမှ မြို့ခံပါတီဝင်အချို့နဲ့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်နိုင်တယ်။ မိုးညှင်းမြို့နယ်ပါတီရုံး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားအတွက် ပြင်တဲ့ဆင်တဲ့ သူတွေကတော့ မျက်စိပျက်၊ မျက်နှာပျက်ဖြစ်နေကြပြီ၊ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားက ထင်ထားသလောက် လူစုလို့မရဘူးဖြစ်နေတာကိုး၊ လူစုတာစောင့်ရင်း နေ့လယ်စာစောစောစားဖြစ်ခဲ့ကြတယ်။

နေ့လယ်စာစားပြီး မနက်၁၁ နာရီကျော်တော့ ဆိုင်းဘုတ် တင်ပွဲလုပ်မယ့် ဦးတင်ဝယ် အိမ်ကို ထွက်ခဲ့ကြတယ်။ ဆိုင်းဘုတ် အတင်ခံမယ့် အိမ်ပိုင်ရှင် ဦးတင်ဝယ်ကလည်း အခမ်းအနားမှူး ကိုယ်တိုင်လုပ်ခွင့်ရတာမို့ တိုက်ပုံတကားကားနဲ့ လူမမြင် မြင်အောင် လမ်းသလားပြနေလေရဲ့။ အခမ်းအနားစတော့ အခမ်းအနား အစီအစဉ်တွေ တစ်ခုပြီးတစ်ခုအစဉ်လိုက်လုပ်ပေါ့။ "အန်တီစု" ကိုယ်တိုင် မြို့နယ်ပါတီရုံး ဆိုင်းဘုတ်ကို ကြိုးဆွဲပြီး ဖွင့်လှစ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ဘဘကြီး ဦးတင်ဦးကတော့ ပါတီ ဆိုင်းဘုတ်အောက်သွားပြီး ဓမ္မကထိကစတိုင်လ် အပြည့်ဖမ်းရင်း အန္တရာယ်ကင်းဂါထာ ရွတ်ဖတ်ချီးမြှင့်ပေးပါတယ်။

အဲဒီ ဆိုင်းဘုတ်တင်ပွဲ အခမ်းအနား ပြီးပြန်တော့ ဝိုင်းအုံလာတဲ့ လူအုပ်ကို ကျွန်တော်တို့"အန်တီစု" က အစဉ်အလာ ရိုးရာမပျက် ဟောတာတွေ ပြောတာတွေ မပျက်မကွက် လုပ်ဖြစ်အောင် လုပ်လိုက်ပါသေးတယ်။ အဲဒီမှာ ဘာတစ်ခုသွားပြီး သံဝေဂရမိသလဲဆိုတော့…ဩော်… ငါတို့ ပါတီခေါင်းဆောင်တွေဟာ ငါတို့ပါတီရဲ့ မြို့နယ်အဆင့် ဆိုင်းဘုတ်လေး တည်တံ့ဖို့အတွက်ကိုတောင် ဘုရားကု ကုနေရတဲ့အဆင့် ရောက်နေပါလားလို့။

ဘာပဲဖြစ်ဖြစ်ပါလေ။

နိုင်ငံရေး ပါတီတစ်ခုရဲ့ ဆိုင်းဘုတ်တစ်ခု တည်မြဲရေး၊ မတည်မြဲရေး ဆိုတာကို ဘယ်လို ဂါထာမန္တန်တွေက ဘယ်လို အာမခံချက် ပေးနိုင်မှာလဲ…။ စဉ်းစားကြည့်ကြပါဦး။

(ဆက်လက်ဖော်ပြပါမည်။)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

➪ စာမျက်နှာ ၇ မှ

မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသည် ယခင်က အဆောက်အအုံများပြည့်ကျပ်လျက် စနစ်မကျဖြစ်နေသည့်အတွက် မန္တလေးမြို့တော်၏အဆင့်အတန်းနှင့် လျော်ညီသည့်ဆေးရုံကြီးတစ်ခု၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရအောင် ပင်မစီမံကိန်းတစ်ရပ် ပြုလုပ်ရေးဆွဲပြီး အဆင့်မြင့်မွမ်းမံတည်ဆောက်ပေးခဲ့ရာ ယခုအခါတွင် ခံ့ညားထည်ဝါပြီး စနစ်ကျနသည့် ဆေးရုံကြီးတစ်ခုအဖြစ် တင့်တင့်တယ်တယ် ဖြစ်ထွန်းနေခဲ့ပြီ ဖြစ်ကြောင်း။

အလားတူပင် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်းအထူးကုဆေးရုံကြီးကိုလည်း အဆင့်မြင့်မွမ်းမံတည်ဆောက်ပေးခဲ့ပြီး ခေတ်မီဆေးရုံသုံး ပစ္စည်းကိရိယာများ ဖြည့်တင်းတပ်ဆင်ပေးထားပြီးဖြစ်ကြောင်း။

အသစ်တည်ဆောက်

ထို့အတူ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး၊ ခုတင်(၃၀၀)ဆံ့ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီး၊ ခုတင်(၃၀၀)ဆံ့ အဆုတ်ရောဂါ အထူးကုဆေးရုံကြီး၊ မူးယစ်ဆေးစွဲနှင့် စိတ်ကျန်းမာရေး အထူးကုဆေးရုံကြီးနှင့် အလုပ်သမားဆေးရုံကြီးတို့ကို ခံ့ညားထည်ဝါစွာ အသစ်တည်ဆောက် ပေးခဲ့ပြီးဖြစ်ကြောင်း။

သင်ကြားရေးအပိုင်းတွင်လည်းယခင်ကရှိခဲ့သည့် မန္တလေးဆေးတက္ကသိုလ်ကို အဆင့်မြှင့် မွမ်းမံတည်ဆောက်ပေးခဲ့သည့်အပြင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ဆေးဘက်ပညာသည်တက္ကသိုလ်နှင့်ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်တို့ကို မိမိတို့အစိုးရလက်ထက်တွင် အသစ်တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီကြောင်း။

တိုင်းရင်းဆေးတက္ကသိုလ်

အရှေ့တောင်အာရှဒေသတွင် တစ်ခုတည်းသော တိုင်းရင်းဆေး တက္ကသိုလ်ကြီးဖြစ်သည့် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်ကို ထူထောင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အပြင် အရှေ့တောင်အာရှဒေသတွင် တိုင်းရင်းဆေးပညာနှင့်စပ်လျဉ်း၍ နမူနာစံပြု ဖြစ်စေမည့် တိုင်းရင်းဆေးတက္ကသိုလ်ကြီး၏ ဂုဏ်အင်္ဂါနှင့်လျော်ညီသည့် ခံ့ညားထည်ဝါသော တက္ကသိုလ်အဆောက်အအုံကြီးဖြစ်ထွန်းလာစေရန် စနစ်တကျ စီမံကိန်းများချမှတ်ပြီး တည်ဆောက်ပေးလျက်ရှိနေကြောင်း။

ရန်ကုန်မြို့တော်တွင် ဆေးသုတေသနဦးစီးဌာန တစ်ခုရှိထားပြီး အထက်မြန်မာနိုင်ငံအတွက် ဆေးသုတေသနဦးစီးဌာနတစ်ခုကို ပြင်ဦးလွင်မြို့၌ ထူထောင်ပေးခဲ့ပြီးဖြစ်ရာ မန္တလေးမြို့တော်အပါအဝင် မြန်မာနိုင်ငံအထက်ပိုင်းနှင့် စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာများအတွက်သီးသန့်သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်နေပြီ ဖြစ်ကြောင်း။

မန္တလေးတက္ကသိုလ်

ပညာရေးနှင့် နည်းပညာကဏ္ဍမှာလည်း မန္တလေးတက္ကသိုလ်ကြီးကို ယခင်ခေတ်ကာလက ယာယီ အဆောက်အအုံများဖြင့် ပွတ်သိပ်ကျဉ်းကျပ်ပြီး စနစ်မကျဖြစ်နေခဲ့သည့် အခြေအနေမှ သစ်လွင်ခံ့ညားပြီး စနစ်ကျနသည့် တက္ကသိုလ်ကြီး ဖြစ်လာစေရအောင် ပင်မစာသင်ဆောင်ကြီး အပါအဝင် အဆောက်အအုံသစ်များ စနစ်တကျ စီမံတည်ဆောက်ပေးထားပြီး ဖြစ်ကြောင်း။

ဤမျှဖြင့်မလုံလောက်သေးဟု ယူဆ၍ မန္တလေးမြို့တော်၏ ဂုဏ်အင်္ဂါနှင့် လျော်ညီစွာ ရတနာပုံတက္ကသိုလ်ကြီးကို သစ်လွင်ခံ့ညားထည်ဝါစွာ အသစ်တည်ဆောက်ပေးခဲ့ရာ ခေတ်မီခံ့ညားသည့် အဆင့်မြင့် ပင်မအဆောက်အအုံသစ်ကြီးကို ယနေ့နံနက်ပိုင်းကပင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

မန္တလေး ပညာရေးကောလိပ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့အပြင်နိုင်ငံခြားဘာသာတက္ကသိုလ်၊ အဝေးသင် တက္ကသိုလ်တို့ကိုလည်း ရန်ကုန်မြို့တော်နည်းတူ မန္တလေးမြို့တော်၌ အသစ်ထူထောင်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ယဉ်ကျေးမှုတက္ကသိုလ်ကြီးတစ်ခုကို မိမိတို့အစိုးရခေတ်ကာလမှာပင်ရန်ကုန်မြို့တော်၌ ထူထောင်ပေးခဲ့ပြီးနောက် မန္တလေးမြို့တော်၌ ယဉ်ကျေးမှုတက္ကသိုလ်ကြီးတစ်ခုကို ခံ့ညားထည်ဝါစွာ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း။

သိပ္ပံနှင့်နည်းပညာကဏ္ဍတွင်လည်း ယနေ့ နိုင်ငံတကာတွင် တစ်ရှိန်ထိုးတိုးတက်ထွန်းကားလျက်ရှိသည့် သိပ္ပံနှင့် နည်းပညာရပ်များ၊ သတင်း

မန္တလေးမြို့တွင် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) တည်ဆောက်ရေးစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

အချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာများ မိမိနိုင်ငံအတွင်း အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ထွန်းကားစေရေးမျှော်မှန်းပြီး နိုင်ငံတော်အနှံ့အပြား၌ နည်းပညာကောလိပ်များ၊ ကွန်ပျူတာကောလိပ်များ ထူထောင်လေ့ကျင့်ပေးလျက်ရှိရာ မန္တလေးမြို့တော်တွင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့အပြင် အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာ ကောလိပ်တို့ကိုလည်း တည်ဆောက်ဖွင့်လှစ် သင်ကြားပေးနေပြီဖြစ်ကြောင်း။

ဘက်စုံထူးချွန်ရေး

မျိုးဆက်သစ်လူငယ်များ ဘက်စုံကဏ္ဍစုံတွင် ထူးချွန်ထက်မြက်စေရေး ခေတ်မီသိပ္ပံနှင့် နည်းပညာများ တတ်ကျွမ်းစေရေး ဦးတည်ပြီး လေ့ကျင့်ပေးလျက်ရှိရာ မန္တလေးမြို့တော်တွင် သမဝါယမကောလိပ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့ကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယင်း ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်အနေဖြင့် မိမိတို့အစိုးရလက်ထက်တွင်ပင် တက္ကသိုလ်အဆင့်တိုးမြှင့်ပေးသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ယှဉ်တွဲလျက် မိမိတို့အစိုးရလက်ထက်တွင် ရရှိဖြစ်ထွန်းနေပြီ ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ဆက်လက် ထိန်းသိမ်းမြှင့်တင်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ တိုးပွားခိုင်ခံ့အောင် ရေရှည် ထိန်းသိမ်းနိုင်ရေးတို့အတွက် တိုင်းရင်းသားလူငယ်များကို လေ့ကျင့်ပျိုးထောင် ပေးလျက်ရှိနေပြီဖြစ်ကြောင်း။

အားကစားနှင့်ပညာရေး

ထို့အပြင် မြန်မာ့အားကစားမြှင့်တင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ယနေ့အချိန်အခါသမယတွင် အထက်မြန်မာနိုင်ငံအတွက် အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေးကျောင်းကြီးကို မန္တလေးမြို့တော်၌ပင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

ယင်းသို့ မန္တလေးမြို့တော်အတွင်း တိုးပွားဖြစ်ထွန်းလာသည့် တက္ကသိုလ်များ၊ ကောလိပ်များမှသည် ထူးချွန်ထက်မြက်သည့် နိုင်ငံ့အကျိုးပြု လူရည်ချွန် လူရည်မွန်များ စဉ်ဆက်မပြတ်မွေးထုတ် ပေးလျက်ရှိနေပြီဖြစ်ကြောင်း။

ဗဟိုဝန်ထမ်းတက္ကသိုလ်

နိုင်ငံ့ဝန်ထမ်းများကို အမျိုးသားရေးလိုအပ်ချက်များနှင့်အညီ လေ့ကျင့်ပေးနိုင်ရေးအတွက်ဗဟိုဝန်ထမ်းတက္ကသိုလ်ကြီးကို ရန်ကုန်မြို့တော်အနီးတွင် ဖွင့်လှစ်ထားပြီးဖြစ်ရာ အထက်မြန်မာနိုင်ငံရှိ နိုင်ငံ့ဝန်ထမ်းများအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ကို မိမိတို့ အစိုးရခေတ်ကာလမှာပင် မန္တလေးမြို့တော်အနီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး၌ ထူထောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတကာ၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ လွှမ်းမိုးကြီးစိုးလာလျက်ရှိနေရာ မိမိတို့နိုင်ငံ ခေတ်နောက်ကျ မကျန်ရစ်စေရေးအတွက် နိုင်ငံတိုင်းနိုင်ငံတိုင်းသည် ယင်းသတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ တိုးတက်ထွန်းကားအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြကြောင်း။

သူနာပြုတက္ကသိုလ် မန္တလေးကို တွေ့ရစဉ်။ (သတင်းစဉ်)

သတင်းနှင့်ဆက်သွယ်ရေး

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဆင့်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ထားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တော်တွင် Myanmar Information and Communication Technology Park (MICT)ကို ထူထောင်နိုင်ခဲ့သည့်အတွက် Internet ချိတ်ဆက်မှု အပါအဝင် အချိန်နှင့်တစ်ပြေးညီ နိုင်ငံတကာနှင့်ဆက်သွယ်ချိတ်ဆက်မှုများ ဖြစ်ထွန်းလာနေပြီဖြစ်ရာ လူငယ်လူရွယ်များ တက်ကြွစွာဗဟုသုတ ရှာမှီးနေကြသည်ကို တွေ့နိုင်သလို မြန်မာ ကုမ္ပဏီများသည်လည်း Softwareလုပ်ငန်းကြီးများ ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက် နေကြသည်ကို တွေ့နိုင်ကြောင်း။

မန္တလေးမြို့တော်တွင်လည်း အလားတူ တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ရတနာပုံ ဈေးသစ်ကြီးအတွင်း MICTPark ကို တည်ဆောက်ပေးလျက်ရှိရာ မကြာမီကာလအတွင်း တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်တော့မှာဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာ လေဆိပ်

ထို့အတူပင် ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကိုလည်း မန္တလေးမြို့တော်၌ အင်နှင့်အားနှင့်တည်ဆောက်ပေးနေသည် ဖြစ်ရာ ပို့ဆောင်ရေးကဏ္ဍတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးထက် ပိုမိုခေတ်မီသော မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီး ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးသည် မြန်မာနိုင်ငံတွင် အရှည်ဆုံးလေယာဉ် ပြေးလမ်းရှိနေသည့်အပြင် နိုင်ငံတကာအဆင့်မီ လေယာဉ် အတက်အဆင်းတံတားကြီးများ၊အဆင့်မီရွေ့လျားစက်လှေကားနှင့် ဓာတ်လှေကားများ၊ အီလက်ထရွန်းနစ်အခြေပြု ခေတ်မီဝန်ဆောင်မှုစနစ်များ၊ လုံခြုံရေးစနစ်များပြည့်စုံစွာပါရှိကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

✳ ခြောက်တိုင်းလည်း မကြောက်နဲ့

မန္တလေးမြို့တွင် အိမ်ရာစီမံကိန်းများဖြင့် စနစ်တကျ စီမံဆောင်ရွက်ထားမှုများကို တွေ့ရစဉ်။ (သတင်းစဉ်)

☆ စာမျက်နှာ ၁၀မှ

ထို့အတူ မန္တလေးဘူတာကြီးကိုလည်း အဆင့်မြင့်ပြုပြင်တည်ဆောက်ပေးခဲ့ရာ ခံ့ညားထည်ဝါပြီး အဆင့်အတန်းမြင့်မားသည့် ဘူတာကြီးတစ်ခု မန္တလေးမြို့တော်ကြီး၌ ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ပို့ဆောင်ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ ဟိုတယ်နှင့် ကမ္ဘာလှည့်ခရီးသွား ကဏ္ဍလည်း မန္တလေးမြို့တော်ကြီး၌ တိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့နိုင်ကြောင်း။

ဟိုတယ်ကြီးများ

ယခုအခါတွင် မန္တလေးမြို့တော်၌ Mandalay Sedona Hotel, Novotal Hotel နှင့် Mandalay Swan Hotel တို့ကဲ့သို့ နိုင်ငံတကာ အဆင့်မီ ဟိုတယ်ကြီးများ အပါအဝင် အဆင့်မြင့် ဟိုတယ်ကြီးများ ၆၂ခု တည်ရှိနေပြီဖြစ်ရာ အခန်း၄၀နှင့် အထက် ဟိုတယ်ကြီးများ ၁၇ခု အပါအဝင်ဖြစ်ကြောင်း။

မန္တလေးမြို့တော် စည်ပင်သာယာရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မန္တလေးတောင် အဆင့်မြင့်တင်ရေး လုပ်ငန်းများလည်း ရှေ့တန်းက ပါဝင်လျက်ရှိကြောင်း။

စိမ်းလန်းစိုပြည်လာ

တစ်ခုတည်းသော သဘာဝတောင်ဖြစ်သည့် မန္တလေးတောင်တော်သည် ယခင်အခါက ပူပြင်းခြောက်သွေ့နေခဲ့ရာ မိမိတို့အစိုးရလက်ထက်ကာလတွင် မန္တလေးတောင် စိမ်းလန်းစိုပြည်ရေးအတွက် ကျောက်ဆောင်များအကြား သစ်ပင်ပေါင်း လေးသိန်းကျော်ကိုခက်ခဲစွာ စိုက်ပျိုးဖြစ်ထွန်းလာခဲ့သဖြင့် မန္တလေးတောင် ပြန်လည်စိမ်းလန်းစိုပြည်လာလျက် ရှိနေပြီဖြစ်သလို မန္တလေးမြို့တော်၏ ရာသီဥတုမှာလည်း ညီညွတ်မျှတလာပြီဖြစ်ကြောင်း။

ထို့အပြင် မန္တလေးတောင်တော်ရှိ သာသနိက အဆောက်အအုံများ၊ စေတီပုထိုးများ အဆင့်မြင့်မွမ်းမံ တည်ဆောက်ခဲ့သည့်အပြင် ရင်ပြင်တော်တိုးချဲ့ခြင်း၊ဓာတ်လှေကား၊စက်လှေကားများ တပ်ဆင်ခြင်း၊ တောင်ပတ်မော်တော်ယာဉ်လမ်းများ ဖောက်လုပ်ခြင်းတို့ကြောင့် ဘုရားဖူးပြည်သူများ သက်သောင့်သက်သာ တက်ရောက်ကြည်ညိုနိုင်ပြီဖြစ်သည်သာမက ကမ္ဘာလှည့်ခရီးသည်များ အတွက်လည်း မန္တလေးမြို့တော်မြင်ကွင်းကို အပေါ်စီးမှရှုမြင်နိုင်သည့် သဘာဝကပေးသော မျှော်စင်ကြီးအဖြစ် ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ထို့မျှမက ရန်ကုန်မြို့တော်ရှိ တိရစ္ဆာန်ဉယျာဉ်နည်းတူ ရတနာပုံ တိရစ္ဆာန် ဉယျာဉ်ကြီးကိုလည်း မန္တလေးမြို့တော်၌ တည်ဆောက်ထားနိုင်ခဲ့ပြီဖြစ်သည်ကို တွေ့ရကြောင်း။

ကျက်သရေဆောင်

အထူးသဖြင့် ရှေးဟောင်းမြို့တော်များအနက် နန်းတော်၊ မြို့ရိုး၊ ကျုံးတို့ ပန်ရစွာ တစ်စုတစ်စည်းတည်း တည်ရှိနေဆဲဖြစ်သည့် တစ်ခုတည်းသော မြို့တော်ဟုဆိုရမည့် မန္တလေးမြို့တော်ကြီး၏ နန်းတော်၊ မြို့ရိုးနှင့် ကျုံးတို့ကို အဆင့်မြင့်ပြုပြင်မွမ်းမံနိုင်ခဲ့သည့်အပြင် ကျုံးပတ်လမ်းများလည်း သန့်ရှင်းသာယာလှပစွာ အဆင့်မြင့် တိုးချဲ့တည်ဆောက်နိုင်ခဲ့ရာ နန်းတော်၊ မြို့ရိုး၊ ကျုံးနှင့် ကျုံးပတ်လမ်းများမှာ မန္တလေးမြို့တော်ကြီး၏ ကျက်သရေဆောင်များအဖြစ် ဂုဏ်ယူဖွယ်ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

အလားတူပင် ယခင်အခါက မန္တလေးမြို့တော်ကြီးကို ရန်ကုန်-မန္တလေး မီးရထားလမ်းကြီးက နှစ်ပိုင်းပိုင်းခြားထားသကဲ့သို့ရှိရာ မိမိတို့ခေတ်ကာလတွင် ရထားခုံးကျော်တံတားကြီး သုံးခုကို စနစ်တကျဖြန့်ကြက် တည်ဆောက်ပေးနိုင်ခဲ့သဖြင့် မန္တလေးမြို့တော် အရှေ့ခြမ်းနှင့် အနောက်ခြမ်းတို့ တစ်ဆက်တစ်စပ်တည်း ဖြစ်လာခဲ့ပြီဖြစ်သည်ကို တွေ့နိုင်ကြောင်း။

လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ မန္တလေး-ပြင်ဦးလွင် လမ်းမကြီးကို အသွားအပြန်လမ်းများဖြစ်အောင် ချဲ့ထွင်ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

ရန်ကုန်-မန္တလေး လမ်းမကြီးကိုလည်း ရန်ကုန်-မန္တလေး ၁၀ နာရီဖြင့် ခရီးပေါက်ရေးမျှော်မှန်းပြီး အဆင့်မြင့်မွမ်းမံတိုးချဲ့ ဖောက်လုပ်လျက်ရှိရာ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်ကို ပိုမိုဆက်စပ်မိလာမှုနှင့်အတူ မြို့တော်နှစ်ခု ယှဉ်တွဲပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ကို မှန်းဆ၍ရနိုင်ကြောင်း။

အဆင့်မြင့်ဈေး

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဈေးကြီးများ စနစ်ကျနစွာ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဈေးချိုတော်ကြီးအပါအဝင် ဈေးကြီးခုနစ်ဈေးကို အဆင့်မြင့် ပြန်လည်တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ထို့အပြင် ဈေးချိုတော်အနီးတွင် နိုင်ငံတကာအဆင့်မီ Shopping Mall အပါအဝင် အထပ်မြင့် ကွန်ဒိုမီနီယံ တစ်ခုကို တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ အဆင့်မြင့်နည်းပညာများအသုံးပြုပြီး တင့်တယ်ခံ့ညားထည်ဝါသည့်အပြင် ရေရှည်ခိုင်ခံ့သည့် အဆောက်အအုံတစ်ခု ဖြစ်လာစေရေး ဦးတည်ပြီး တည်ဆောက်သွားရန် တာဝန်ရှိသူများကို မှာကြားထားပြီးဖြစ်ကြောင်း။

ကန်တော်ကြီး

ထို့အပြင် ရန်ကုန်မြို့တော်၌ အင်းလျားကန်နှင့် ကန်တော်ကြီးတို့ဖြင့် တင့်တယ်ပန်ရသည့်နည်းတူ မန္တလေးမြို့တော်၌လည်း ပြည်သူများအပန်းဖြေ နားနေရေးအတွက် မြို့တော်ကျက်သရေဆောင် ကန်တော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရအောင် ကန်တော်ကြီး အဆင့်မြင့် မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိကန်တော်ကြီး၏ မြောက်ဘက်ပိုင်းတွင် ထပ်မံတိုးချဲ့ ဆောင်ရွက်နေသည်ဖြစ်ရာ မြန်မာနိုင်ငံတွင် မြို့တော်အတွင်း ဆက်စပ်တည်ရှိသည့် ကန်တော်ကြီးများအနက် အကျယ်ဝန်းဆုံးဖြစ်လာမည့် ကန်တော်ကြီးတစ်ခု မန္တလေးမြို့တော်၌ တင့်တယ်ခံ့ညားမင်္ဂလာရှိစွာ ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း။

အလားတူပင် ရှစ်လမ်းသွား မြို့ပတ်ကမ်းနားလမ်းမကြီးကို ဘဏ္ဍာငွေကြေးမြောက်မြားစွာ ကုန်ကျခံလျက် ဖောက်လုပ်လျက်ရှိရာ ၅၂မိုင်ကျော်ရှိသည့် ယင်းမြို့ပတ်ကမ်းနားလမ်းကြီး ဖောက်လုပ်ပြီးစီးသွားပါက မန္တလေးမြို့တော်ကြီးကို ဝန်းပတ်တည်ဆောက်ထားသည့် ကျယ်ဝန်းခံ့ညားသော လမ်းမကြီး ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

ရေဆိုးထုတ်စနစ်

မြို့တော်ကြီးရေစီးရေလာကောင်းမွန်ရေးအတွက်လည်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက စီမံဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ မန္တလေးမြို့မှာ ဧရာဝတီမြစ်ထက် နိမ့်သည့် မြေနိမ့်ပိုင်းတွင် ကျရောက်နေသဖြင့် ရေဆိုးထုတ်စနစ်တစ်ရပ် စနစ်တကျ စီမံဆောင်ရွက်ဖို့လိုကြောင်း။

ရန်ကုန်မြို့တော်တွင် ကိုလိုနီခေတ်ကာလကစတင်၍ မိလ္လာနှင့် အညစ်အကြေးများကို ရန်ကုန်မြစ်အတွင်း စွန့်ပစ်လျက်ရှိရာ ယခုအခါတွင် မိလ္လာသန့်စင်သည့်စက်ရုံ (Treatment Plant) တစ်ခုတည်ဆောက်ပြီး မိလ္လာနှင့် အညစ်အကြေးများကို သန့်စင်ပြီးမှ မြစ်တွင်းသို့ ပိုးသတ်သန့်စင်ပြီးရေများသာ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အလားတူပင် မန္တလေးမြို့တော်၌လည်း မိလ္လာသန့်စင်စက်ရုံ တည်ဆောက်နိုင်ရေး၊ ရေဆိုးထုတ်မြောင်းများ စနစ်တကျ ဖြစ်ရေးတို့အတွက် စီမံဆောင်ရွက်သွားရန် လိုကြောင်း၊ မြို့တော်ရေပေးဝေမှုစနစ်၊ သန့်ရှင်းရေးစနစ်နှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို စနစ်တကျစီမံချက်ဖြင့် အဆင့်အပိုင်းလိုက် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်သွားဖို့လည်း မှာကြားလိုကြောင်း။

လျှပ်စစ်ဓာတ်အား ပေးဝေမှုနှင့် စပ်လျဉ်းပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုံလောက်စွာ ဖြန့်ဝေပေးနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း စက်မှုဇုန်များ ပေါ်ထွန်းလာမှု၊ မြို့ပြတိုးတက်ဖြစ်ထွန်းလာမှုတို့ကြောင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာလည်း တိုးပွားလာလျက် ရှိနေကြောင်း။

ရဲရွာရေအားလျှပ်စစ်

မန္တလေးမြို့တော်အနီးတွင် မဂ္ဂါဝပ် ၇၀၀ထုတ်လုပ်နိုင်သည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယင်းစီမံကိန်းပြီးစီးပါက မန္တလေးမြို့တော်အတွက် လျှပ်စစ်မီး လုံလောက်အောင် ဖြန့်ဖြူးပေးနိုင်မည်ဟု မျှော်မှန်းထားကြောင်း။

မန္တလေးမြို့တော်နှင့် ဆက်စပ်လျက် မြစ်ကူးတံတားကြီးများ တည်ဆောက်ပေးမှုတွင်လည်း လက်ရှိစစ်ကိုင်းတံတားကြီးမှာ နှစ်ပေါင်း ၈၀ကျော် ကြာမြင့်ခဲ့ပြီဖြစ်ရာ ကြံ့ခိုင်မှု နည်းပါးလာသဖြင့် ယင်းစစ်ကိုင်းတံတားအနီးတွင် တန် ၆၀ခံနိုင်မည့် ဧရာဝတီတံတား (ရတနာပုံ)ကို တည်ဆောက်ပေးလျက် ရှိနေကြောင်း။

ဒုဋ္ဌဝတီတံတား(မြစ်ငယ်)

နိုင်ငံတော်၏ နိုင်ငံတကာ ဒုတိယလေကြောင်း ဝင်ပေါက်ဖြစ်သော မန္တလေး အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းနှင့် မန္တလေးမြို့တော် ဆက်စပ်မိစေရေးအတွက် ဒုဋ္ဌဝတီတံတား (မြစ်ငယ်)ကို တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ပြီး ပန်းဆေးတံတားကို ဆက်လက်တည်ဆောက်လျက်ရှိကြောင်း။

ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်ရှိ မြစ်ငယ်တံတားကိုလည်း တည်ဆောက်ဆဲဖြစ်ရာ ယင်းတံတားများ အားလုံးပြီးစီးပါက မန္တလေးမြို့တော်နှင့် ရန်ကုန်မြို့တော်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းတို့ ကူးသန်းဆက်သွယ်မှု ပိုမိုကောင်းမွန် တိုးတက်ဖြစ်ထွန်းလာတော့မှာဖြစ်ကြောင်း။

လက်ညှိုးထိုးမလွဲ

ဤကဲ့သို့ နိုင်ငံတော် အစိုးရ၏ ဦးဆောင်မှု စီမံခန့်ခွဲမှုဖြင့် မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးမြို့တော်ကြီး မြို့တော်အင်္ဂါရပ်များနှင့် အညီ တိုးတက်ဖြစ်ထွန်းလာခဲ့သည့် အကျိုးရလဒ်ကောင်းများမှာ မြို့တော်တစ်ဝန်းတွင် လက်ညှိုးထိုး၍ မလွဲနိုင်အောင် အံ့နှင့်ကျင်းနှင့် ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ပုံမှန်စစ်ဆေး

သို့ရာတွင် ဆက်လက်ဆောင်ရွက်ဖွယ်လုပ်ငန်းများလည်း များစွာရှိနေသေးကြောင်း၊ တည်ဆောက်ပြီး လုပ်ငန်းများ အဆောက်အအုံများ သတ်မှတ်ချက်နှင့်အညီ ပုံမှန်စစ်ဆေး ပြုပြင်မွမ်းမံထိန်းသိမ်းသွားရန်လည်း လိုကြောင်း။

ယခုကဲ့သို့သော မိုးရာသီကာလတွင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ၊ ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ယင်းကဲ့သို့ ရာသီချိန်ခါအလိုက် ဆောင်ရွက်ဖွယ် လုပ်ငန်းများကို စနစ်တကျစီမံချက်များ ချမှတ်ဆောင်ရွက်သွားဖို့မှာကြားလိုကြောင်း။

လမ်းမကြီးများသာမက မြို့တွင်းလမ်းများ လမ်းသွယ်လမ်းမြောင်းများ တိုးတက် ကောင်းမွန်ရေးအတွက်

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ⇨

မန္တလေးမြို့တွင် မြို့တော် ကျက်သရေဆောင် မန္တလေး ကန်တော်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၇-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတိပိဋကရေ၊ မေဓာဘဏ္ဍာဂါရိကဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၆။ တေးဂီတအစီအစဉ်
- ၈:၂၀ ၇။ အကပဒေသာ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Say it in English.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use.
- ၄:၄၅ ၄။ ငယ်မူဟန်ပန်သူ့အသံ
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရက္ခဗေဒ)
- ၅:၁၀ ၆။ တေးဂီတအစီအစဉ်
- ၅:၂၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၅ ၈။ **အားနာလိုက်တာ (မော့စ်၊ ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-ဇောစန္ဒာလှိုင်)**
- ၅:၄၅ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၆:၀၀ ၁၀။ လက်ဆင့်ကမ်းပေးဂီတတေး
- ၆:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ မူးယစ်ဟူကတိုက်ဖျက်ကြ (အပိုင်း-၃)
- ၇:၂၀ ၁၅။ ယဉ်ကျေးလိမ္မာမျိုးမြန်မာ စာတမ်းဖတ်ပွဲအကြောင်းသိကောင်းဖွယ်ရာ (ဒုတိယပိုင်း)
- ၇:၃၅ ၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း တစ်ယောက်ကတစ်ယောက်ကို (အပိုင်း-၁) (ဒွေး၊ စိုးမြတ်သူဇာ၊ ချိုပြုံး) [ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)]**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

✳ မြောက်တိုင်းလည်း မပြောက်နဲ့

မြန်မာ့မီးရထားဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်) ၏ တီထွင်ထုတ်လုပ်အောင်မြင်မှုများ

သတင်းမှတ်တမ်း ဓာတ်ပုံ– ရေချမ်းမြင့်

သံလမ်းပြေးကား

DCA ၏ အောက်ခံဖရိန်နှင့်အင်ဂျင်ကို အသုံးပြု၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်) က တည်ဆောက်သည့် ကမ္ဘာလှည့်ခရီးသည်များအတွက်နှင့် ရထားလမ်း စစ်ဆေးရာ၌ အသုံးပြုနိုင်မည့် သံလမ်းပြေး ကားရထား ဥမင်လိုဏ်ဂူတစ်ခုကို ဖြတ်ကျော် မောင်းနှင်လာစဉ်တွေ့ရပုံ။ (ဓာတ်ပုံ–ရေချမ်းမြင့်)

ဒီအမ်ယူ တွဲဆိုင်းများ ထုတ်လုပ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)မှ ပထမ **DMU.301**၊ ဒုတိယ **DMU.302** တွဲဆိုင်းများ ထုတ်လုပ်ပြီးနောက် တတိယမြောက် ထုတ်လုပ်မှုအဖြစ် **DMU.303** တွဲဆိုင်းသစ်တစ်ခုကို ထုတ်လုပ်လျက်ရှိရာ စက်ရုံအတွင်း၌ ဇွန် ၁၉ ရက်က ဤသို့တွေ့ခဲ့ရသည်။ (ယင်းတွဲဆိုင်းထုတ်လုပ်ပြီးလျှင် ထိုင်လျက်ခရီးသည် ၂၀၀ ဦး မတ်တတ် ရပ်လျက်ခရီးသည် ၃၁၀ဦး စုစုပေါင်းခရီးသည် ၅၁၀ဦး တင်ဆောင်မောင်းနှင်နိုင်မည်ဖြစ်သည်။)

(ဓာတ်ပုံ–ရေချမ်းမြင့်)

ဒီအမ်ယူရထားတွဲဆိုင်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)က တီထွင်ထုတ်လုပ်ထားသည့် ထိုင်လျက်နှင့် ရပ်လျက်ခရီးသည် ဦးရေ ၄၃၀ စီးနင်းနိုင်သော **DMU.302** ရထားတွဲဆိုင်းကို စစ်ကိုင်းတံတားကြီးပေါ်မှ ဖြတ်သန်း မောင်းနှင်လာသည်ကိုတွေ့ရစဉ်။ (ယင်းတွဲဆိုင်းသည် ယခုအခါ ရန်ကုန်–ရွာသာကြီးခရီးစဉ်၌ ပြေးဆွဲလျက်ရှိနေသည်ဟု သိရသည်။) (ဓာတ်ပုံ–ရေချမ်းမြင့်)

➩ **စာမျက်နှာ ၁၁ မှ**

ပြည်သူများ၏ပူးပေါင်းပါဝင်မှုစွမ်းအားကိုရယူပြီး အဆင့်လိုက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

စည်းရုံးဆောင်ရွက်

မိမိရပ်ရွာ၊မိမိဒေသသန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်ကြဖို့ လိုကြောင်း။

အိမ်ရာစီမံကိန်းများကိုလည်း ပြည်သူအများ၏ လူနေမှုဘဝအဆင့်အတန်းတိုးတက် မြင့်မားစေရေးဆိုသည့် စိတ်ကောင်းစေတနာမွန်ဖြင့် စနစ်တကျစီမံဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အိမ်ရာစီမံကိန်းများ ဆောင်ရွက်ရာ၌ ပြည်သူအများဒုက္ခဆင်းရဲမတွေ့စေရေး၊ ရှိရင်းစွဲ ဘိုးစဉ်ဘောင်ဆက်နေထိုင်ခဲ့သူများ အခြေမပျက်စေရေးဦးတည်ပြီး စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ကြဖို့ လိုကြောင်း။

အောင်မြင်ဖြစ်ထွန်းနေ

ရန်ကုန်မြို့တော်တွင် ကျန်းမာရေးနှင့် မညီညွတ်ဘဲ သန့်ရှင်းသပ်ရပ်မှုမရှိသည့် ရပ်ကွက်များ ကျန်းမာရေးနှင့် ညီညွတ်အောင် စနစ်တကျပြန်လည်တည်ဆောက်ရေး ဦးတည်ပြီး ဆောင်ရွက်ခဲ့သလို အိုးပိုင်အိမ်ပိုင်မရှိသည့်သူများ မြို့သစ်များ၌ ရေမီးပြည့်စုံစွာဖြင့် အိုးပိုင်အိမ်ပိုင်နှင့် နေနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ရာ စီမံကိန်းများ အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုအချိန်အခါတွင် အဆင့်မြင့်ကွန်ဒိုမီနီယံများ တည်ဆောက်နိုင်သည့်အထိ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ရာ မန္တလေးမြို့တော်တွင်လည်း အလားတူ စနစ်တကျဖြင့် လုပ်ငန်းများ ရည်ရွယ်ချက်ပြည့်မြောက်အောင်မြင်အောင် စီမံဆောင်ရွက်သွားဖို့ မှာကြားလိုကြောင်း။

မြို့ပြလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး မြို့တော်ကြီး ကျယ်ပြန့်ကြီးမားလာသည်နှင့်အမျှ ရေပေးဝေရေးစနစ် ကျနဖို့၊မီးဘေးကာကွယ်ရေးစနစ် ကျနဖို့၊ မီးသတ်တပ်ဖွဲ့ဝင်များကို ခေတ်မီမီးသတ်နည်းစနစ်များ၊ ကယ်ဆယ်ရေးနည်းစနစ်များ၊ခေတ်မီ မီးသတ်ကိရိယာများဖြင့် လေ့ကျင့်ပေးရန်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစီမံဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ပတ်ဝန်းကျင်ကောင်းဖန်တီး

မြို့တော်နေ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်ကောင်းများဖန်တီးပေးနိုင်ရေး၊ဆန်စပါး သစ်သီးဟင်းလျာ၊ စားနပ်ရိက္ခာများ ပြည့်စုံလုံလောက်အောင် ဖြည့်တင်းပေးနိုင်ရေးတို့အတွက် အလေးထား စီမံဆောင်ရွက်သွားကြဖို့လိုကြောင်း။

အလားတူပင် မြို့တော်နေ ပြည်သူများ စီးပွားရေး တိုးပွားခိုင်မာရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် စက်မှုဇုန်များ အပါအဝင် စီးပွားရေး အထောက်အကူပြု အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းစေရန် လိုအပ်သည်များအားပေးကူညီ ပံ့ပိုးပေးကြရမှာ ဖြစ်ကြောင်း။

ပညာပေးစည်းရုံး

အထူးသဖြင့် ပြည်သူများ၏ စီးပွားရေးဘဝ တိုးပွားခိုင်မာရေး၊ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာရေးတို့တွင် နိုင်ငံတော်အစိုးရအနေနှင့် ပြည်သူများ၏ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် ကောင်းမြတ်သည့် စေတနာမွန်ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို ပြည်သူများ နားလည်သိမြင်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ပြည်သူအများ အသိတရားရှိရှိဖြင့် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လာကြစေရန် ပညာပေး စည်းရုံးဆောင်ရွက်သွားဖို့ မှာကြားလိုကြောင်း။

ပြည်သူများကိုယ်တိုင်က မိမိတို့၏ ရေရှည်အကျိုးစီးပွားအတွက်ဖြစ်သည်ကို သိမြင်ပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လိုစိတ် ဖြစ်ပေါ်လာမှသာ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုများ ပေါ်ထွန်းလာမှာဖြစ်ကြောင်း။

ပြည်သူနှင့်ထိတွေ့

သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူများရှိရာ အခြေခံဒေသ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းပြီး ပြည်သူများနှင့် ထိတွေ့ကာ ပြည်သူများ၏ လိုလားချက်၊ ပြည်သူများ၏ ဆန္ဒ၊ ပြည်သူများ၏ လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်မှသာ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှာဖြစ်ကြောင်း။

ခြုံငုံ၍ ပြောကြားရလျှင် မန္တလေးမြို့တော်ကြီး မြို့တော်အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးတွင် မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီသာမက အခြားသော အစိုးရဌာနဆိုင်ရာများ၊ ပြည်သူများကပါ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြဖို့ လိုကြောင်း။

တည်မှီနေ

မြို့တော် သန့်ရှင်းသပ်ရပ်လှပရေး၊ မြို့တော်စည်ပင်သာယာရေး၊ နိုင်ငံတကာ မြို့တော်များနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်ရေးသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတွင် ဆင့်ကဲဆင့်ကဲ တာဝန်ယူ ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များ၏ ကြံရည်ဖန်ရည်၊ လုပ်ငန်းစွမ်းဆောင်ရည်နှင့် လုံ့လဝီရိယစိုက်ထုတ်မှု၊ အောက်ခြေအထိဆင်းပြီး ကြီးကြပ်နိုင်မှုတို့အပေါ်တွင် တည်မှီနေကြောင်း။

တာဝန်ရှိ ပုဂ္ဂိုလ်များ အနေဖြင့် အခြေခံဒေသများအထိဆင်းပြီး မိမိတို့မြို့တော်ကြီးကို မိမိတို့လိုလားမျှော်မှန်းသည်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ပြည်သူအများနှင့် ပူးပေါင်းပြီး စေတနာရှေ့ထား ဆောင်ရွက်ကြဖို့၊ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ကြောင်း။

ဦးတည်ချက်ရှိရှိ

မြန်မာနိုင်ငံတော်၏ ဒုတိယမြို့တော်ဖြစ်သော မန္တလေးမြို့တော်ကြီးကို ရန်ကုန်မြို့တော်ကြီးနှင့်မခြား နိုင်ငံတကာ အဆင့်မီ တိုးတက်ဖြစ်ထွန်းစေရအောင် ဦးတည်ချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးဖွယ်ရာများကိုလည်း အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိရာ ယင်းဆောင်ရွက်ပေးချက်များကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ လိုကြောင်း။

ပူးပေါင်းဆောင်ရွက်

မိမိတို့မြို့တော်ကြီး တိုးတက်ရေးနှင့် စည်ပင်သာယာရေးအတွက် ဆောင်ရွက်ရာမှာ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီတစ်ခုတည်းက ဆောင်ရွက်၍ မရနိုင်ဘဲ အခြားသော ဌာနဆိုင်ရာများက ပူးပေါင်း ဆောင်ရွက်ဖွယ်ရာများများစွာရှိနေဦးမှာဖြစ်ကြောင်း။

သို့ဖြစ်၍ ဌာနပေါင်းစုံ ပူးပေါင်းပြီး မန္တလေးမြို့တော်ကြီး စည်ပင်သာယာရေးအတွက်၊ခံ့ညားထည်ဝါရေးအတွက်၊ သန့်ရှင်းသပ်ရပ်ရေးအတွက် မြို့တော်နေ ပြည်သူများ တင့်တောင့်တင့်တယ်နှင့် သက်သောင့်သက်သာနှင့် အေးအေးချမ်းချမ်း နေထိုင်နိုင်ရေးအတွက် မန္တလေးမြို့စည်ပင်သာယာရေးကော်မတီက ပင်တိုင်တာဝန်ယူပြီး အခြားသော ဌာနဆိုင်ရာများက ပေါင်းစပ်ပါဝင်သင့်သည်များ ပေါင်းစပ်ပါဝင်လျက်လည်းကောင်း၊ ပြည်သူများအပိုင်းက ပေါင်းစပ်ပါဝင်သင့်သည်များ ပေါင်းစပ်ပါဝင်လျက်လည်းကောင်း နိုင်ငံတော်၏ ဦးဆောင်မှုအောက်မှာ တက်ညီလက်ညီပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

✱ ချော့တိုင်းလည်း မပျော့နဲ့

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင်၈ရက်က ကျောက်ပန်းတောင်းမြို့ မြို့ရှေ့ အခြေခံပညာအလယ်တန်းကျောင်း သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

❊ **ကျောဖုံးမှ**

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လိုက်ပါလျက် မန္တလေးတိုင်း မြင်းခြံမြို့နယ်ရှိ မြင်းခြံဒီဂရီကောလိပ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်အား လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က မြင်းခြံဒီဂရီကောလိပ်၏ သင်ကြားရေးနှင့် စီမံရေးရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒေင်အုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က မြင်းခြံဒီဂရီကောလိပ် တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ မြင်းခြံဒီဂရီကောလိပ် သုံးထပ်ပင်မဆောင်နှင့် နှစ်ထပ်စာသင်ဆောင်များ၏ ဗိသုကာပုံစံနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ လျှပ်စစ်လုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းများ အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်က လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စက်မှုလက်မှုသိပ္ပံ

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြင်းခြံမြို့နယ်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်းလင်းဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ)၏ သင်ကြားရေးကိစ္စ၊ စီမံရေးရာကိစ္စ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေင်အုပ်စုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ နှစ်ထပ် ပင်မဆောင်နှင့် စာသင်ဆောင်များတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ဗိသုကာပုံစံများဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသစိုက်ပျိုးရေး၊ ပညာရေး၊ စားဝတ်နေရေးအခြေအနေများကို မေးမြန်းပြီး အတွင်းရေးမှူး(၁)က ဒေသခံများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြိုးစားလုပ်ကိုင်ကြရေး၊ ဤဒေသမှ ကျောင်းသူ၊ ကျောင်းသားများ လွယ်ကူစွာ ပညာကိုကြိုးစားသင်ယူကြရေးအတွက် အစိုးရ စက်မှုလက်မှုသိပ္ပံ(မြင်းခြံ)နှင့် မြင်းခြံဒီဂရီကောလိပ်တို့ မကြာမီ ပေါ်ထွန်းလာတော့မည်ဖြစ်သဖြင့် အဆင့်မြင့်ပညာများ ပြီးဆုံးအောင် သင်ယူနိုင်အောင် ကြိုးစားကြရေးမှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောက်ပန်းတောင်းမြို့သို့ ရောက်ရှိကြရာ ကျောက်ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းထွန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် မကွေးတိုင်း ကျောက်ပန်းတောင်းမြို့ မြို့ရှေ့အခြေခံပညာအလယ်တန်းကျောင်း သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ညနေ ၄နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ အလှူရှင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှိုင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှိုင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသာဂဒိုးတို့က ဖဲကြိုးဖြတ်၍ ကျောက်ပန်းတောင်းမြို့ မြို့ရှေ့အခြေခံပညာအလယ်တန်းကျောင်း သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ☆

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀–၇–၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၅** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၄:၅၅** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်
  - (က) ပထမနှစ် (ဥပဒေပညာ)
  - (ခ) ပထမနှစ် (ဒဿနိကဗေဒ)
- **၅:၃၀** ၁၀။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဖြူရောင်လွင်ပြင် (အပိုင်း–၁၅)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  - ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၁။ **နွေးထွေးသောရင်ခွင် (၂)** (အောင်ပိုင်၊ ရဲမင်းပိုင်၊ မိုခမ်း၊ သူသူဟန်သာ၊ သန်းသန်းစိုး) (ဒါရိုက်တာ တင်သန်းဦး)
  - ၂၂။ သင့်အတွက်မနက်ဖြန်
  - ၂၃။ အပိတ်နှုတ်ဆက်စကား
  - ၂၄။ ပြီးပါပြီ။

☆ စာမျက်နှာ ၁၃ မှ

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Audio Room၊ Computer Skills Room၊ Computer Aided Instruction Room၊ Electronic Media (Language Lab)၊ Audio Visual Room နှင့် အိမ်တွင်းမှုခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်ပန်းတောင်းမြို့ မြို့ရှေ့ အခြေခံပညာအလယ်တန်းကျောင်း သင်ကြားမှုသင်ယူမှု အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲ အစီအစဉ်ကို ကျောင်းခန်းမ၌ ဆက်လက်၍ကျင်းပသည်။

အစီအစဉ်အရ ကျောက်ပန်းတောင်းမြို့ မြို့ရှေ့ အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မစုလဲ့ကြည်ဖြိုးက ဂါရဝပြုစကားပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှိုင်က ကျောက်ပန်းတောင်းမြို့ မြို့ရှေ့ အခြေခံပညာ အလယ်တန်းကျောင်း၌ သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်၊ တပ်ဆင်ထားသော ခေတ်မီသင်ထောက်ကူ ပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သင်ထောက်ကူစာသင်ခန်းများ ဖွင့်လှစ်နိုင်ရေးပံ့ပိုးလှူဒါန်းသူများအား ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသာဂဒိုးက သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ပေါ်ပေါက်လာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌထံ အလှူရှင်များလှူဒါန်းထားသော အလှူငွေများဖြင့် ကျောက်ပန်းတောင်းမြို့ မြို့ရှေ့ အခြေခံပညာ အလယ်တန်းကျောင်း Language Lab အတွက် ငွေကျပ် ၁၀သိန်း၊ ကွန်ပျူတာလေးလုံးနှင့် (၂၁)လက်မ ရုပ်မြင်သံကြား စက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှိုင်က လက်ခံသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောက်ပန်းတောင်းမြို့ မြို့ရှေ့ အခြေခံပညာအလယ်တန်းကျောင်းအတွက် သင်ထောက်ကူဗီဒီယိုအခွေများကို ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှိုင်အား ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ကျောက်ပန်းတောင်းမြို့ မြို့ရှေ့အခြေခံပညာ အလယ်တန်းကျောင်းသည် ကျေးလက်နေ ကျောင်းသူ၊ ကျောင်းသားကလေးငယ်များ ပညာသင်ကြားနေသည့်ကျောင်းဖြစ်ရာ ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြုစာသင်ခန်းများ အမြန်ဆုံးပေါ်ထွန်းလာစေရေးအတွက် မြန်မာနိုင်ငံပညာရေးကော်မတီသို့ စေတနာရှင်များက လှူဒါန်းထားသည့် ငွေကြေးများဖြင့် ယခုကဲ့သို့ ခေတ်မီသင်ထောက်ကူပစ္စည်းများဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

စီမံဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြများရှိ ကလေးငယ်များအား ထူးချွန်ထက်မြက်ပြီး ကျေးလက်နေကျောင်းသူ၊ကျောင်းသားကလေးငယ်များ ပညာရေး၌ နောက်ကျရသည့် အဖြစ်မျိုးမဖြစ်စေရအောင် မြို့ပြနှင့်ကျေးလက် ပညာရည်ကွာဟချက် ကျဉ်းမြောင်းပပျောက်သွားရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ကျောင်းသူ၊ ကျောင်းသားကလေးငယ်များမှာ မြို့ပြနှင့် ကျေးလက်မကွဲပြားဘဲ ပင်ကိုဉာဏ်ရည် တူညီကြသည်ဖြစ်ရာ ခေတ်မီသင်ကြားမှုနည်းစနစ်များ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ တစ်ပြေးညီသုံးစွဲသင်ကြားရပါက မြို့ပြနှင့် ကျေးလက်ပညာရည် ကွာဟချက်တဖြည်းဖြည်းကျဉ်းမြောင်းပပျောက်သွားမည်ဖြစ်ကြောင်း။

ပညာရှင်များဖြစ်ဖို့လို

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးတွင် ကျေးလက်ဒေသများအပါအဝင် နိုင်ငံတော်တစ်ဝန်းလုံးရှိ ကလေးငယ်များအားလုံး ပညာရည်မြင့်မားသည့် အသိပညာရှင်၊အတတ်ပညာရှင်များဖြစ်လာစေဖို့လိုကြောင်း။

သို့ဖြစ်၍ အနာဂတ်ကာလကို တာဝန်ယူကြရမည့် ယနေ့ကျောင်းသူ၊ ကျောင်းသား ကလေးငယ်များကို လေ့ကျင့်သင်ကြားပေးရာတွင် ဆရာဆရာမများအားလုံးကလည်း သင်ထောက်ကူပစ္စည်းများကို စနစ်တကျအသုံးပြု၍ မြို့ပြနှင့် ကျေးလက် မခွဲခြားဘဲ အားထုတ်ကြိုးပမ်းသင်ကြားပေးကြဖို့မှာကြားလိုကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၈ရက်က ကျောက်ပန်းတောင်းမြို့ မြို့ရှေ့ အခြေခံပညာ အလယ်တန်းကျောင်း သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းအုပ် ဆရာကြီး ဦးသိန်းလှိုင်သို့ သင်ကြားမှု သင်ယူမှု အထောက် အကူပြုပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

တန်ဖိုးရှိရှိအသုံးပြု

ကျောင်းသူ၊ ကျောင်းသားလူငယ်များအပိုင်းကလည်း ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများကို တန်ဖိုးရှိရှိ ထိုက်ထိုက်တန်တန် အသုံးပြုပြီး အနာဂတ်ကာလတွင် တိုင်းကျိုးပြည်ဆောင် အသိပညာရှင် အတတ်ပညာရှင်များဖြစ်လာအောင် ကြိုးစားအားထုတ်သင်ယူကြဖို့မှာကြားလိုကြောင်း။

ပြည်သူများ ဝိုင်းဝန်းကူညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် ယခုကဲ့သို့ ကျောက်ပန်းတောင်းမြို့ မြို့ရှေ့အခြေခံပညာ အလယ်တန်းကျောင်းတွင် ခေတ်မီသင်ကြားမှု သင်ယူမှုအထောက်အကူပြုစာသင်ခန်းများ အချိန်တိုအတွင်းပေါ်ထွန်းလာခဲ့ခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူကြည်ဖြူစွာ လက်တွဲပြီး ကဏ္ဍတိုင်း ကဏ္ဍတိုင်းတွင်တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံတော်၏ မျှော်မှန်းချက်များ မလွဲမသွေ အောင်မြင်ပြည့်မြောက်လာမှာအမှန်ပင်ဖြစ်ကြောင်း။

တက်ညီလက်ညီကြိုးပမ်း

သို့ဖြစ်၍ ပြည်သူများအပိုင်းက နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့်အတူစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ပုဂံမြို့သို့ ရောက်ရှိကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် ပုဂံမြို့ အလိုတော်ပြည့်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ထိုမှတစ်ဆင့် ပုဂံရိပ်သာသို့ရောက်ရှိကြသည်။

(သတင်းစဉ်)

မော်ဘီချမ်းမြေ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၉

မော်ဘီမြို့ ချမ်းမြေ့ရိပ်သာကျောင်းတွင် ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်များနှင့် ပင့်သံဃာတော် အရှင်မြတ်တို့အား စုပေါင်းဝါဆိုသင်္ကန်းလှူဒါန်း ဆက်ကပ်ပွဲကို ၁၃၆၅ ခုနှစ်ဝါဆိုလပြည့်ကျော် (၇)ရက် ဇူလိုင် ၂၀၊ တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (က-ပ)

အရုဏ်ဆွမ်းလောင်းလှူမည်

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်(အောက်လမ်း) ဆွမ်းလောင်းအသင်း၏ (၃၁)ကြိမ်မြောက် ဝါတွင်း(တနင်္ဂနွေနေ့)တိုင်း နှစ်စဉ်ကဲ့သို့ သံဃာ ဒါန အရုဏ်ဆွမ်း လောင်းလှူမည်ဖြစ်ကြောင်းသိရသည်။(က-ပ)

မန္တလေး အထက(၁၂) မြတ်ဆရာပူဇော်ကန်တော့မည်

ရန်ကုန် ဇူလိုင် ၉

မန္တလေးမြို့ အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း ပထမအကြိမ် မြတ်ဆရာ ပူဇော်ကန်တော့ပွဲကို ဇူလိုင်၂၇ရက်တွင်ကျင်းပမည်ဖြစ်ရာ ၁၉၆၄-၂၀၀၂ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ကျောင်းသူများသည် ဦးသန်းဌေးအောင် (မဟာမီဒီယာ) (ရန်ကုန်)ဖုန်း-၀၉-၂၀၀-၅၅၇၂၊၀၁-၂၉၆၆၄၇၊ဒေါ်သီတာစိုး(ရန်ကုန်) ဖုန်း-၀၁-၅၃၇၉၉၀၊၀၁-၅၁၃၇၇၄၊ဦးမျိုးမြင့်(မန္တလေး)ဖုန်း-၀၉-၈၀-၉၈၇၊ ဒေါက်တာဖေသက်ခင်(မန္တလေး)ဖုန်း-၀၉-၂၀၀-၄၇၀၊ ဒေါ်ဝင်းဝင်းမြင့်(မန္တလေး) အထက (၁၂)ဖုန်း-၀၂-၃၉၄၂၆တို့ သို့ဆက်သွယ်၍ ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ငွေရတုခမ္မစာစောင် စာမူများပေးပို့နိုင်

ရန်ကုန် ဇူလိုင် ၉

ကရင်ပြည်နယ်ကြာအင်းဆိပ်ကြီးမြို့ ပရိယတ္တိ သဒ္ဓမ္မဝါစီမင်းကျောင်း စာသင်တိုက် (၂၅)နှစ်ပြည့် အထိမ်းအမှတ် သဒ္ဓမ္မဝါစီ ငွေရတုခမ္မ စာစောင်ကို လာမည့်နတ်တော်လ စာဆိုတော်နေ့ အမီထုတ်ဝေမည်ဖြစ်သည်။ ဓမ္မ ပီတိဖြစ်ဖွယ် အနုပညာရသ မြောက်ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုပုံပြင် စသည်တို့ကို စာတည်းမှူးချုပ် မောင်ဘုန်းဝေ (တောင်ကုတ်) မင်္ဂလာရာမပါဠိ တက္ကသိုလ်၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူလျက် စက်တင်ဘာ၂၅ရက် နောက်ဆုံးထား ပေးပို့နိုင်ကြောင်း သိရသည်။

(က-ပ)

စွန့်စားတီထွင်လုပ်ငန်းရှင် သင်တန်းအပတ်စဉ်(၁) ဩဂုတ်(၁)ရက် ဖွင့်မည်

ရန်ကုန် ဇူလိုင် ၉

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ကကြီးမှူး၍ စွန့်စားတီထွင်လုပ်ငန်းရှင် သင်တန်းအပတ်စဉ်(၁)ကို ဩဂုတ်၁ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါ သင်တန်းတွင် စွန့်စားတီထွင်လုပ်ငန်းရှင် ဘဝအခြေခံများ၊ ဗျူဟာမြောက်လုပ်ငန်း စီမံကိန်းလုပ်ငန်းစပျိုးဖွဲ့စည်းခြင်း၊ လူသားရင်းမြစ် စီမံခန့်ခွဲခြင်း၊ လုပ်ငန်းငွေစာရင်း၊ ငွေကြေး စီမံခန့်ခွဲမှု၊ ဈေးကွက်စီမံခန့်ခွဲမှု၊ e-Business Modelling ဘာသာရပ်များနှင့် ဖြစ်ရပ်မှန်လေ့လာခြင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လုပ်ငန်းရှင်များ၏တင်ပြချက်များကို ပညာရပ်ဆိုင်ရာ ပါမောက္ခများ၊ ကွန်ပျူတာပညာရှင်များနှင့် လုပ်ငန်းရှင်များက ဩဂုတ် ၃၀ရက်အထိ (တနင်္ဂနွေနေ့မှအပ) နေ့စဉ် နံနက် ၇နာရီမှ ၉နာရီအထိ၊ စနေနေ့ နံနက်၉နာရီမှ ညနေ၄နာရီအထိ နာရီပေါင်း ၇၂နာရီ ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

သင်တန်းသားဦးရေ၂၅ဦးသာ ကန့်သတ်ထားသဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို ကိုယ်တိုင်ဦးစီး လုပ်ကိုင်လိုသူများသည် ကမာရွတ်မြို့နယ် ပြည်လမ်း အမှတ်-၄၂၆ရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဖုန်း -၅၃၅၈၆၀၊ ၅၂၇၀၅၃ ဖက်စ်-၉၅-၀၁-၅၂၅၀၄၂၊ ၅၂၆၀၅၃ အီးမေးလ် merbmlrc @ mptmail. net.mm သို့ ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်သည်။ (သတင်းစဉ်)

ကမ္ဘာပေါ်တွင် SARS ရောဂါ ကူးစက် ပြန့်ပွားမှု အသစ်ထပ်မံ ဖြစ်ပွားခြင်း မရှိတော့သော် လည်း SARS ရောဂါ ကာကွယ်တားဆီးရေးအတွက် စောင့်ကြပ် ကြည့်ရှုခြင်း လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက် ရှိရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဇူလိုင် ၉ရက်က နိုင်ငံခြားသား ခရီးသည်တစ်ဦးအား ကိုယ်အပူချိန် တိုင်းတာစစ်ဆေးမှု ဆောင်ရွက်စဉ်။ (သတင်းစဉ်)

စားသောက်ကုန်ပစ္စည်းများ တင်သွင်းရောင်းချနိုင်မည့် အခွင့်အရေး

ကမ္ဘာ့နံပါတ်(၁)စားသောက်ကုန်ကုမ္ပဏီသည် ကော်ဖီ၊ ကော်ဖီမစ်၊ ကော်ဖီမိတ်၊ ချောကလက်ချော်ရည်၊ ကလေးအာဟာရမှုန့်၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်၊ ... ဟင်းချက် ... အစရှိသည့် လူသိများသော လူသုံးကုန် ပစ္စည်းများကို မြန်မာပြည်သို့ တင်သွင်း ရောင်းချနိုင်သော လုပ်ဖော်ကိုင်ဖက် ကုမ္ပဏီများ လိုအပ်နေပါသည်။

စိတ်ဝင်စားသည့် ကုမ္ပဏီများသည် မိမိကုမ္ပဏီ၏ အချက်အလက်များ၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူ၊ သွင်းကုန် ထုတ်ကုန်လိုင်စင်မိတ္တူ၊ စိတ်ဝင်စားသော ပစ္စည်းအမည်များနှင့်အတူ ၂၀၀၃ခုနှစ်၊ ဇူလိုင်လ၊ ၃၁ရက်နေ့ထက်နောက်မကျစေဘဲ အောက်ပါလိပ်စာသို့ ပေးပို့နိုင်ရန် အသိပေးအပ်ပါသည်။

Pro Active Marketing

အမှတ်(၁၂၁) ပထမထပ်၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အသေးစိတ်သိရှိလိုပါက - တင်မောင်အေးလွင် (ရောင်းဝယ်ရေးအရာရှိ)

Tel: 535768, 525901, 727164 သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့ ရွှေရတု အထိမ်းအမှတ် မကျီးကန်ကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

မြိုင် ဇူလိုင် ၆

မကွေးတိုင်း မြိုင်မြို့နယ် မကျီးကန်အုပ်စု မကျီးကန်ကျေးရွာတွင် ဗဟိုစာရင်းအင်းအဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများ လှူဒါန်းသည့် အလှူရှင်စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၅ ရက် နံနက်၉ နာရီက မကျီးကန်ကျေးရွာ စက်ရေတွင်းမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးမြိုင်က စက်ရေတွင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မကျီးကန်ကျေးရွာ ရေတွင်းကော်မတီဝင် ဦးဖြူတုတ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင်နှင့် အလှူရှင် ဗဟိုစာရင်းအင်းအဖွဲ့ ဝန်ထမ်းများကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဦးတင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စက်ရေတွင်းမှာ အနက်ပေ ၂၈၀ ရှိပြီး တစ်နာရီ ရေဂါလန် ၈၅၀ ထွက်ရှိကာ အလှူရှင် ထည့်ဝင်ငွေကျပ် ၅၀၀၀၀၀ နှင့် နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀ စုစုပေါင်း ကျပ် ၈၀၀၀၀၀ ကုန်ကျသည်။ မကျီးကန်ကျေးရွာရှိ အိမ်ခြေ ၂၂၀၊ လူဦးရေ ၉၂၆ ဦးအတွက် သောက်သုံးရေများ ဖူလုံစွာရရှိ၍ ကျေးရွာသူ၊ ကျေးရွာသားများ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ **(က-ပ)**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ မကွေး သမဝါယမအသင်းစုချုပ်၌ ကျင်းပ

မကွေး ဇူလိုင် ၈

၂၀၀၃ ခုနှစ် ဇူလိုင် ၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီတွင် မကွေးမြို့ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်၌ ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး တင်ငွေထံမှ ပေးပို့သော အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ သဝဏ်လွှာကို မကွေးတိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်ဝင်းက ဖတ်ကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရကျောင်းသား ခုနစ်ဦးအား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးအောင်က ဆုများချီးမြှင့်သည်။

စာစီစာကုံးဆု

ထို့နောက် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်၌ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူ ၁၄ ဦးနှင့် အလယ်တန်းအဆင့် ဆုရရှိသူ ၁၃ ဦးတို့အား မကွေးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်သိန်းနှင့် ရဲမှူးကြီး ရဲမြင့်တို့က ဆုများချီးမြှင့်ကြသည်။ **(ဒဒဒ)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲဖွင့်ပွဲနှင့် ဟောပြောပွဲကို ပြည်ခရိုင် ပြန်/ဆက်ရုံးတွင် ဇွန် ၂၆ ရက်က ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမျိုးမြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင်ပြန်/ဆက်)

ဖြူးမဟာစည်ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ဖြူး ဇူလိုင် ၅

ပဲခူးတိုင်း ဖြူးမြို့ ပင်စင်လမ်း မဟာစည်သာသနာ့ရိပ်သာ၌ ၁၃၆၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်တွင် ဖြူးမဟာစည် အကျိုးဆောင်အဖွဲ့များနှင့် တပည့်ဒါယကာ၊ဒါယိကာမ အပေါင်းတို့က ဖြူးဆရာတော်နှင့် သံဃာတော် အရှင်သူမြတ်တို့အား စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

ဝါဆိုလပြည့်ကျော် ၈ ရက်(ဇူလိုင် ၂၁ ရက်)၌ ဖြူးဆရာတော်၏ (၄၃) ဝါမြောက်ကုသိုလ်တော်ပွဲနှင့်ဝါတွင်းသုံးလ မဟာစည် ဝိပဿနာအလုပ်ပေး တရားစခန်းကို ဆရာတော်ကိုယ်တိုင် ဦးစီး၍ ဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်လိုသော ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီ သူတော်စင်အပေါင်းတို့သည် ဖုန်းနံပါတ် ၀၁-၆၈၂၇၁၁၊ ၀၉၅၀-၁၇၅၅၄၊ ၀၅၄-၄၀၀၁၂ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြို့နယ်သတင်းများ

မန္တလေးတိုင်း အမျိုးသမီးရေးရာလုပ်ငန်းကော်မတီက ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင် ၃ ရက်တွင် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပရာ တိုင်းအမျိုးသမီးရေးရာ လုပ်ငန်း ကော်မတီဝင် ဒေါ်မြတ်ငွေက "ခေတ်သစ်မြန်မာအမျိုးသမီးများ၏ ကောင်းခြင်းငါးဖြာလှကလျာ" ရွေးချယ်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၄၆၉)

အဘိုးအဘွားများအား ဆေးဝါးကုသ

သရက် ဇူလိုင် ၁

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သရက်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မြို့ပေါ်ရပ်ကွက်များမှ အသက် (၇၀)ကျော် အဘိုး၊ အဘွားများအား ဆေးဝါးကုသစောင့်ရှောက်ခြင်း အခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၁၁ နာရီက ရွှေဘုံသာရပ် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ အသင်းနာယက ဒေါ်သန်းမော်၊ အသင်းဥက္ကဋ္ဌ ဒေါ်တင်မြင့်၊ အတွင်းရေးမှူး ဒေါ်စီစီဝင်းနှင့် အမှုဆောင်များ၊ ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြသည်။ ထို့နောက် ခရိုင်ဆရာဝန်ကြီး ဒေါက်တာတင်မိုးနှင့် အဖွဲ့က ကျန်းမာရေးစစ်ဆေး၊ ဆေးဝါးကုသမှုများပြုလုပ်ပြီး အားဆေးနှင့် ကွေကာအုပ်များကို ပေးအပ်လှူဒါန်းသည်။ (၂၁၀)

စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (စစ်ဆေးရေး) ဦးဝင်းမောင်နှင့်အဖွဲ့ ဇူလိုင် ၂ ရက်က လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် တံတားဦးတွင် စုပေါင်း သစ်ပင်စိုက်ပျိုး

တံတားဦး ဇူလိုင် ၅

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်၃ ရက် နံနက် ၈ နာရီက တံတားဦးမြို့နယ် သဲမောင်းကန်ကျေးရွာ ရွှေတောင်တော်ဘုရားအနီး ကျေးရွာထင်းစိုက်ခင်း၌ ကျင်းပရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရန်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သဲမောင်းကန်ကျေးရွာအုပ်စုမှ မိဘပြည်သူများက တမာပင် ၁၀၀၊ မြန်မာရှားပင် ၂၀၀၊ ဆီးနီးဂေါ်ရှားပင် ၁၀၀၀ နှင့် မဲဇလီပင် ၂၀၀ စုစုပေါင်းသစ်ပင် ၁၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ အတွင်းရေးမှူး ဦးမောင်မောင်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးစိုးလှိုင်နှင့် မြို့နယ် စိမ်း/စို ဦးစီးမှူး ဦးသိန်းမြင့်တို့က ကြည့်ရှုအားပေး ပါဝင်စိုက်ပျိုးကြကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

စုပေါင်းသန့်ရှင်း

ဖျာပုံခရိုင် ကျိုက်လတ်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၊ အပြင် သန့်ရှင်းရေးနှင့် ရပ်ကွက်အတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့ပေါ် ခြောက်ရပ်ကွက်မှ ပြည်သူများ၊ အသင်းအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဦးစီးဌာနမှ ဝန်ထမ်းများ သန့်ရှင်းရေးလုပ်ငန်း စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့တော်လှန်ရေးအာဇာနည်

ဗိုလ်ချုပ်

တက္ကသိုလ်စိန်တင်

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၉၅)၊ တတိယထပ်နေ ဦးပွား-(ဒေါ်ကျင်ရွှေ)တို့၏သားထွေး **မောင်လှနိုင်** [၁၄/လပတ(နိုင်)၀၀၀၂၃၂]နှင့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်-၂၂/၂၈၊ အခန်း(၃) မြေညီထပ်နေ ဦးချန်ရှင်း-ဒေါ်ရှုဟုန်တို့၏ သမီးထွေး **မစန်းစန်းထွေး**(B.A(History)Q II[၁၂/လမတ (ပြု)၀၀၀၀၁၂]တို့သည် မိဘတို့၏ဝတ္တရားအရ လက်ထပ်ပြီးစီးပါကြောင်း။

မောင်လှနိုင် - မစန်းစန်းထွေး။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက် အလယ်လမ်း၊ အမှတ်(၉)နေ ဦးတင်ထွန်းလွင်-ဒေါ်ခင်သန်းနွဲ့တို့၏သား၊ မောင်ထွန်းကျော်ကျော် (JE MV. Magawe)၏ညီ

မောင်ကျော်လင်းလင်း 1st Year (Physics)U.D.E

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက် အလယ်လမ်း၊ အမှတ်(၁၇)နေ ဦးဇော်ဝင်း-ဒေါ်အေးအေးမာတို့၏သမီး၊ ကိုသိန်းအောင်(Indeco Engineer Electrician S' pore)-မကြူကြူသင်း (Mc Donald's Restaurant Manager S' pore)-တို့၏ညီမ

မသန္တာဝင်း

တို့သည် ၆-၇-၂၀၀၃ ရက်နေ့တွင် နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ကျော်လင်းလင်း-မသန္တာဝင်းနှင့်
နှစ်ဖက်သောမိဘများ။

ချစ်ပါပါဦးကြည်ဌေးနှင့်ချစ်မေမေ ဒေါ်ခင်လေး
(ခွန်းချိုသာ ဓာတ်ပုံလီမြစ်ကြီးနား) တို့၏

၂၀-၆-၂၀၀၃ရက်နေ့တွင် ကျရောက်ခဲ့သော နှစ်(၄၀)မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး ချစ်သား၊ ချစ်သမီး၊ ချစ်မြေးများနှင့်အတူ အနာဂတ်ဘဝခရီးကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ---။

ဆုမွန်ကောင်းတောင်းလျက်-

ချစ်သား၊ ချစ်သမီးများ- မကြည်ကြည်ဦး၊ မသင်းသင်းခိုင်၊
ကိုသိန်းစိုး-မချိုမာခိုင်၊
ကိုခင်မောင်ကြည်-မမိုးမိုးအေး၊
ကိုမင်းကြည်-မသဲနန္ဒာစိုး၊
ကိုတင်မောင်ဌေး၊ ကိုညီညီဌေး၊ မမေမီအောင်၊

ချစ်မြေးများ - ရွှန်းလက်လက်ထွဋ်၊ မမြတ်နိုးခိုင်၊
ထွဋ်အောင်ခန့်၊ ရွှေရည်ဝင်း။

ကြက်ဆင်-ဓာမဏီ
ပြန်လာပါပြီ

ရဟန်းသံဃာဆောင်း "ထီး" များ
ဝါကပ်တော်မူကြမည့် သံဃာတော်များအတွက်
ဝယ်ယူလှူဒါန်းနိုင်ကြပါပြီ။

ဝင်းသူဇာအရောင်းဆိုင်များ — **ရတနာပဒေသာကုမ္ပဏီလီမိတက်**
အမှတ်(၁)စက်မှုဝန်ကြီးဌာန — **၂၉၄၉၁၈၊ ၂၀၃၂၁၂**
ပန်းအိဖြူအရောင်းဆိုင်၊ ယုဇနပလာဇာ။

လက်ထပ်ပြီးစီးခြင်း

ကွမ်းဟိန်းမြို့၊ အမှတ်(၈၄)၊ ပြည်ထောင်စုလမ်းနေ ဦးဇော်ဝင်း(လဝကဦးစီးမှူး၊ ဟိုပုန်း)-ဒေါ်နန်းဝင်းစိန်(သမဦးစီးဌာန၊ ကွမ်းဟိန်း)တို့၏သားကြီး

မောင်စိုင်းရန်နိုင်ဇော်ဇော် Final Year (History)

နှင့်

ရန်ကုန်မြို့၊ (၅၅)လမ်း၊ အမှတ်(၃၃)၊ ပုဇွန်တောင်မြို့နယ်နေ ဦးခင်မောင်ဖြူ(မြန်မာနိုင်ငံဘဏ်များအသင်း)-ဒေါ်စမ်းစမ်းဝင်း(ကျောင်းအုပ်၊ သုနာပြုသင်တန်းကျောင်း၊ လှိုင်ကော်)တို့၏တစ်ဦးတည်းသောသမီး

မခင်ဖြူဖြူသန့် Final Year (English)
(မြန်မာယူနီဗာဆယ်ဘဏ်၊ လှိုင်ကော်)

တို့သည် ၂၃-၆-၂၀၀၃ရက်နေ့တွင် တောင်ကြီးမြို့ ပြည်နယ်တရားရုံး၌ တရားသူကြီး ဦးမြင့်အောင်နှင့် နှစ်ဖက်မိဘများ၏ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် စိုင်းရန်နိုင်ဇော်ဇော် - မခင်ဖြူဖြူသန့်။**

ဝန်ထမ်းအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

(၁) Surveyor- ပြင်ဦးလွင်မြို့၊ မြေတိုင်းကျောင်းဆင်းလက်မှတ်ရကျွမ်းကျင်သူ၊ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်နှင့်အထက်ရှိသူ — ကျား (၂) ဦး
(၂)B.E.(သို့မဟုတ်)B.Tech.(သို့မဟုတ်)A.G.T.I.(Civil)အဆောက်အအုံ/လမ်း/တံတားအတွေ့အကြုံ(၅)နှစ်နှင့် အထက်ရှိသူ — ကျား၊ မ(၁၀) ဦး
(၃)စက်ကျွမ်းကျင်သူ — ကျား (၂) ဦး
(၄)ရေပိုက်လုပ်ငန်းကျွမ်းကျင်သူ — ကျား (၂) ဦး
(၅)လုံခြုံရေး — ကျား (၅) ဦး

လျှောက်ထားသူသည် ဤစီမံကိန်း၌ အနည်းဆုံး(၂)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ပြီး၊ ကိုယ်ရေးအကျဉ်းချုပ်၊ ဘွဲ့လက်မှတ်အထောက်အထားမိတ္တူများ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ ဓာတ်ပုံနှစ်ပုံနှင့်တကွ(၁၅-၇-၂၀၀၃)နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ရွှေမြယာအိမ်ရာစီမံကိန်း
မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း-၂၄၄၃၅၇။

ROYAL ARROW
CAR RENTAL

သင့်ခရီးအတွက် ဖုန်းဆက်ရုံနဲ့ ကျေနပ်မှုပြည့်စေရမည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

Ph: 211485, 212193

Yan Aung

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်မှူးစိုးညွန့်(ငြိမ်း၊ တပ်မတော်-ရေ)MASTER (F.G)-(ဒေါ်ဝင်းဝင်းမေ) (မြန်မာ့ရုပ်မြင်သံကြား)တို့၏ တစ်ဦးတည်းသောသား

မောင်မင်းသက်ခိုင်
B.Sc(Physics)
C.Y.C SHIPPING CO.,LTD.(Hong Kong)
နှင့်

ရန်ကုန်မြို့နေ (ဦးထွန်းရွှေ-ဒေါ်စိန်ရင်)တို့၏ သမီး

မခင်စန်းနု
B.Sc(Hons:),M.Sc(Botany), Ph.D(Prelim)
လ/ထ ကထိက၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

တို့၏ ၂-၇-၂၀၀၃နေ့တွင် တရားရုံးချုပ်၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးတင်အေးအားလည်းကောင်း၊ ၄-၇-၂၀၀၃နေ့တွင် မဟာသန္တိသုခကျောင်းတော်ကြီး၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၆-၇-၂၀၀၃နေ့တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်စိုးမြင့် အကြံပေးပုဂ္ဂိုလ်(တပ်မတော်-ရေ)နှင့်ဇနီး ဒေါက်တာညွန့်ညွန့်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာစိုးရင်နှင့်ဇနီး ပါမောက္ခဒေါ်ခင်ဝင်းကြည်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော တပ်မတော်အရာရှိကြီးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ သင်္ဘောသားများ၊ ငယ်သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ တပည့်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မင်းသက်ခိုင်-မခင်စန်းနု။

မစန္ဒာ၏ (၉-၇-၂၀၀၃)ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင်မွေးနေ့ပေါင်းများစွာအထိ လိုအင်ဆန္ဒများ ပြည့်ဝပြီး စိတ်ချမ်းမြေ့ ပျော်ရွှင်နိုင်ပါစေကြောင်း ဆုတောင်းလိုက်ပါတယ်။

သိန်းဆောင်။

ပျောက်ဆုံးခြင်း

ကျွန်တော်၏ တရုတ်နိုင်ငံကူးလက်မှတ် အမှတ်-၂၇၁၇၅၅၄သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

CENG WEI
၂၂၆၈၂၀။

FUTURE STAR QUALITY TRAINING CENTRE

English as a Foreign Language ... Five Levels System ...

Level I	Level II	Level III	Level IV	Level V
KET	PET	FCE	CAE	CPE

... Young Learners ... Preschools ...

KITCHEN MART

KITCHEN MART

Tel : 244537, 570359

ကာရိန်းကား

Tel-703234

ရောင်းရန်ရှိသည်

၁။ မြောက်ဒဂုံ (၃၄)ရပ်ကွက် ပေ၄၀ ပေ၆၀ ပေါ်ရှိ (၂) ထပ်တိုက်
၂။ ပြည်လမ်းနှင့်တော်ဝင်လမ်းထောင့်ရှိ ဆောက်လုပ်ပြီး တိုက်ခန်း
၃။ စော်ဘွားကြီးကုန်း အဝေးပြေးဝင်း အတွင်းရှိ တွဲလျက်ဆိုင်ခန်း (၂)ခန်း

ဆက်သွယ်ရန် ဖုန်း-၇၀၁၇၆၁

G.Link Computer — **Hardware Course (A+) Graphic Design Course**

Microsoft Office XP, DTP, Access, ACCPAC, AutoCAD, C++, VB, JAVA

- ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် Graphic Design များကိုပြုလုပ်နိုင်ရန် စာတွေ့နှင့်လက်တွေ့ အပြင် လုပ်ငန်းခွင် အတွေ့အကြုံများပါ ပေါင်းစပ်ပြီး အခြေခံမှ စ၍ တစ်ဦးချင်း စနစ်တကျ သင်ကြားပေးပါသည်။
- သင်တန်းကြေးများကို အရစ်ကျ ပေးသွင်းနိုင်ပါသည်။

အမှတ် ၅၁၈၊ မြေညီထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတား။

Ph : 243 982, 240 622 Fax : 240 622

G.Link Computer

အမှတ် ၅၁၈၊ မြေညီထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
E-mail: glink@yangon.net.mm

Computer ဝယ်ယူလျှင် တစ်နှစ်တိတိ အိမ်တိုင်ရာရောက် ပြုပြင်ပေးပြီး ကျန် (၂) နှစ်ကို Centre တွင် အခမဲ့ပြုပြင်ပေးပါသည်။ E-Library Annual Member Card လက်ဆောင် ပေးပါသည်။

Office နှင့် Home User များအတွက် System & Network Maintenance, Antivirus Updates & Data Backup လုပ်ငန်းများကို လချုပ်၊ နှစ်ချုပ်၊ On-Call စနစ်များဖြင့် လာရောက် ဆောင်ရွက်ပေးပါသည်။

Ph : 243 982, 240 622 Fax : 240 622

ဝန်ထမ်းအလိုရှိသည်

United Auto Supply Ltd

- Computer Knowlage

အမှားပြင်ဆင်ချက်

၂၄-၅-၂၀၀၃ရက်နေ့ထုတ် ကြေးမုံသတင်းစာ(စာ-၁၆) နှစ်ပတ်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ အမှတ်စဉ်(၂၀) ဒေါ်မို့မို့ဦးတွင် ဂရန်သစ်အစား အမည်ပြောင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံသားစိစစ်ရေးကတ်[၆/ထဝန(နိုင်)၀၇၂၈၂၉]မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။

ကိုကျော်မောင်
ဖုန်း-၅၀၁၉၆၅။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈က/၂၈၈၃ မော်တော်ယာဉ်လက်ဝယ်ရှိသူသည် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားပါသဖြင့် ကန့်ကွက်လိုသူများ ယနေ့မှစ၍(၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (လားရှိုး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ရန်။ **ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(လားရှိုး)**

မှန်ကန် ခိုင်မာ ယုံကြည်ကာလာ

unicolor®



အမည်ပြောင်းခြင်း

ဦးကိုကိုနိုင်၏သား အထက(၃) ကြည့်မြင်တိုင် သတ္တမတန်း(A)မှ မောင်ဝဏ္ဏထွန်းအား ယနေ့မှစ၍ မောင်ဝေဖြိုးမောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝေဖြိုးမောင်။**

အမည်ပြောင်းခြင်း

ဦးသန်းအုန်း(ခ) ကြီးရွှေ၏သား အလက(မြို့မ)တွံတေး၊ ပဥ္စမတန်း(A)မှ မောင်အေးမင်းပိုင်အား မောင်ဇင်ဝင်းသန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇင်ဝင်းသန်း။**



အမည်ပြောင်းခြင်း

ဦးတင်မြ၏သမီးဖြစ်သူ အထက(၂)သထုံမှ အထက်တန်းပြ(ကာယ) ဆရာမ ဒေါ်လှသန်းအား ဒေါ်လှလှသန်းဟု ပြောင်းလဲခေါ်ပါရန်။ **ဒေါ်လှလှသန်း။**



ကျေးဇူးတင်ရှိပါကြောင်း

အနုပညာရပ်ဝန်း ရုပ်ရှင်ဗီဒီယို ထုတ်လုပ်ရေး၏ ပွဲဦးထွက် **ဆားပုလင်းနှင်းမောင်နှင့် ဘုမ္မာဝတီအရုပ်တော်ပုံ** အဆင့်မြင့် DVD ဇာတ်ကားကြီးကို ၂၇–၆–၂၀၀၃ နေ့မှစတင်၍ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားမြို့ကြီးများတွင်ပြသရာ တစ်ခဲနက် ကြည့်ရှုအားပေးကြသော ပရိသတ်ကြီးအား ကျေးဇူးတင်ရှိပါသည်။

အနုပညာရပ်ဝန်း ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေး။



ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၁က/၇၀၂၈မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးတင်လှ၏ ဒုစက်ခန်းအုပ်လက်မှတ် အမှတ် စမဒ ၁၃၉/၈၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပြန်ပို့ပါရန်။

Ph: 269284

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃က/၂၅၄၄ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏

၂၀၀၂–၂၀၀၃ ဘဏ္ဍာရေးနှစ်အတွင်း
ရေကြောင်းဖြင့် ပြည်ပသို့ပို့ကုန်ပစ္စည်း အများဆုံးတင်ပို့နိုင်သော
ပထမဆု

ချီးမြှင့်ခြင်းခံရသည့်

ASIA WINNER INDUSTRIAL LTD ၏
MANAGING DIRECTOR ဦးအောင်နိုင်
အား

အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဦးဇော်ဝင်း – M.D, CITY LIGHT CO.,LTD.
ဦးအဏ္ဏဝါ – M.D, TRADE PARK CO., LTD.
ဦးတင်လှ – **အောင်မြန်မာထရေးဒင်း**
(H & S CO., LTD.)
ဘုရင့်နောင်ပွဲရုံတန်း။
ဦးကျော်သန်း – G.M, MAYYU MARINE PRODUCTS CO., LTD.

လေလံကြော်ငြာ

၁။ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့်စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကုန်လုပ်ငန်းဌာနရှိ အကောက်ခွန်ဦးစီးဌာနမှ သိမ်းဆည်းထားသော (က) အထည်အလိပ်များ၊ (ခ) လူသုံးကုန်ပစ္စည်းများ၊ (ဂ) လျှပ်စစ်ပစ္စည်းများ၊ (ဃ) စက်ဘီးနှင့် စက်ဘီးအရန်ပစ္စည်းများ၊ (င) ပလတ်စတစ်ပစ္စည်းများ၊ (စ) ပိုးသတ်ဆေး၊ (ဆ) ကားတာယာနှင့် သတ္တုမှုန့်၊ (ဇ) အထည်ချုပ်ဆက်စပ်ပစ္စည်းများအား အုပ်စု(၁၆)စုခွဲ၍ လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၂။ လေလံစည်းကမ်းချက်တစ်စုံလျှင် (၂၀၀၀/–)ကျပ်နှုန်းဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့တွင် ၁၀–၇–၂၀၀၃ ရက်နေ့မှ ၁၅–၇–၂၀၀၃ရက်နေ့ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ လေလံတင်ရောင်းချခြင်းကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကုန်လုပ်ငန်းဌာန၌ ၁၆–၇–၂၀၀၃ရက်နေ့ နံနက်(၁၀:၀၀)နာရီတိတိတွင် စတင်ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ
သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့်
